မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၉၈)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သဘာဝဘေးအန္တရာယ်များကို ကျော်လွှားနိုင်အောင် ကြိုတင်ပြင်ဆင်ကာကွယ်မှုများပြုလုပ်

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် အတူလက်တွဲ ရင်ဆိုင်ကျော်လွှားနိုင်အောင်ကြိုးစား

ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ

တိုင်းတစ်ပါးသားများ ဝင်ရောက်မလာနိုင်အောင်လည်း ကာကွယ်တားဆီး

နေပြည်တော် ဇူလိုင် ၃၀

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ရခိုင်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသာညွန့်၊

စာမျက်နှာ ၃ ကော်လံ ၁ ●

အမှာစကားပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မိုးရွာသွန်းမှုများ	၃၁-၇-၂၀၁၁
ထားဝယ်မြို့	၅ ဒသမ ၁၂ လက်မ
မြိတ်မြို့	၄ ဒသမ ၇၆ လက်မ
ကော့သောင်းမြို့	၂ ဒသမ ၁၂ လက်မ
လောင်းလုံမြို့	၂ ဒသမ ၀၅ လက်မ
ပူတာအိုမြို့	၁ ဒသမ ၈၉ လက်မ

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၃၁ ရက်)

မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းများ လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း

ရှည်လျားသည့်သမိုင်းကြောင်းနှင့် ဖြစ်ပေါ်လာသည့် မြန်မာ့ယဉ်ကျေးမှု၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး အနာဂတ်ကာလသားစဉ်မြေးဆက်များထိတိုင် လက်ဆင့်ကမ်းပေးရေး၊ လွှဲပြောင်းသွားနိုင်ရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပလာခဲ့သည်မှာ (၁၇)ကြိမ်တိုင် ရှိခဲ့ပြီးဖြစ်သည်။ ယခုအခါ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စတင်ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။

၂၀၁၁ ခုနှစ်(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၉ ရက်က နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ဆွေးနွေးမှာကြားခဲ့သည်။

မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာများသည် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်မှုများဖြစ်သကဲ့သို့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတို့၏ သီးသန့်ပိုင်ဆိုင်သော အမျိုးသားရေးသင်္ကေတ၊ အမျိုးသားရေးလက္ခဏာဟုလည်း ခေါ်ဆိုနိုင်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုလက္ခဏာများကို ပေထက်အက္ခရာတင်နိုင်ခဲ့ရာ ပျူခေတ်မြို့ပြနိုင်ငံများသည် စည်ပင်သာယာဝပြောထွန်းကားတိုးတက်မှုရှိခဲ့ပြီး ပျူမြို့ပြနိုင်ငံများမှ လက်ဆင့်ကမ်းသယ်ယူလာသော အနုသုခုမပညာရပ်များကို ပုဂံခေတ်တွင် နံရံဆေးပန်းချီများအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။

ကျောက်စာများအရ ယနေ့အသုံးပြုနေသည့် ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟူသည့် အခြေခံတူရိယာငါးမျိုးသည် ပုဂံခေတ်တွင် ထွန်းကားလာခဲ့ပြီးဖြစ်သည်ဟု မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရသည်။ ရာစုနှစ်ပေါင်းများစွာဖြတ်သန်းလာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုများကိုကြည့်လျှင် ခံ့ညားထည်ဝါလှပသိမ်မွေ့မှု၊ နိုင်ငံ့ဂုဏ်ရည်နှင့်အမျိုးသားရေးစိတ်ဓာတ်ကြီးမားမှု စသည့်ပုံရိပ်များ ထင်ဟပ်နေသည်ကို တွေ့ရှိရပေသည်။ ကမ္ဘာ့ယဉ်ကျေးမှုများ၏ ဖြစ်ပေါ်တိုးတက်မှုသမိုင်းနှင့် နှိုင်းယှဉ်လျှင် မြန်မာ့ယဉ်ကျေးမှုသည် မြန်မာ့မူ၊ မြန်မာ့ဟန် မြန်မာဆန်သော အမျိုးသားရေးယဉ်ကျေးမှုလက္ခဏာတို့ကို ဖော်ဆောင်လျက်ရှိပေသည်။

နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အသွင်သဏ္ဌာန်သာမက အနှစ်သာရရှိရှိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့ယဉ်ကျေးမှု၏ အစဉ်အလာကောင်းများ သားစဉ်မြေးဆက်ထိ လက်ဆင့်ကမ်းပေးနိုင်ရေးအတွက် ပညာရှင်များ၊ အနုပညာသည်များ၊ ပြည်သူများက ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရွှေကူမြို့နယ်၌ တိုးမြှင့်ဖွင့်လှစ်

ရွှေကူ ဇူလိုင် ၃၀

ကချင်ပြည်နယ် ရွှေကူမြို့နယ် စီသာကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန် ၄ ရက် နံနက် ၆ နာရီခွဲက အဆိုပါကျောင်းရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီနှင့် မြို့နယ်ပညာရေးမှူး ဒေါ်လှမိုင်တို့က အထက်တန်းကျောင်း(ခွဲ)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပြောကြား

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားပြီး စီသာကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးထွန်းဉာဏ်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက ငွေကျပ်သုံးသောင်း၊ ဦးဖိုးပါကြွယ်- ဒေါ်ခင်မေအောင် (ဘိုဘိုစံ-ကွန်ပျူတာ) မိသားစုက တိုင်ကပ်နာရီတစ်လုံး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာခြည်ဖြိုးက ငွေကျပ် တစ်သောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးဇော်လှိုင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အင်းစိန်မြို့နယ်၌ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၃၀

အင်းစိန်မြို့နယ်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအတွက် ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဇူလိုင် ၂၉ရက် နံနက် ၉ နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဒုတိယ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယဉ်သန္တာလွင်၊ တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာတင်မီမီခိုင်၊ တိုင်းဒေသကြီး ခုခံကျ /ကာလသားရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာမျိုးသန့်၊ ရန်ကုန်တောင်ပိုင်းခရိုင် အနာကြီးရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင်ဆရာဝန် ဒေါက်တာဝင်းထွဋ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် တိုင်းရင်းဆေးမှူး ဒေါ်သိန်းသိန်းဦး၊ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုး၊ အင်းစိန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးက လုပ်ငန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ သက်ဆိုင်ရာဆရာဝန်ကြီးများနှင့် တိုင်းရင်းဆေးမှူးတို့က တီဘီရောဂါ၊ အနာကြီးရောဂါ၊ ခုခံကျ / ကာလသားရောဂါ၊ တုပ်ကွေးရောဂါအကြောင်းတို့ကို လည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဒုတိယ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ယဉ်သန္တာလွင်ဦးဆောင်ပြီး တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ကျန်းမာရေးဝန်ထမ်းများ လူမှုရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ နာတာရှည်ရောဂါ ဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ဝဲပုံ) (ခရိုင် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၃၀

ဗန္ဓုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီ လီမိတက် ပါရမီတက္ကစီလုပ်ငန်း တောင်ဥက္ကလာပမြို့နယ် ဂန္ဓမာယာဉ်ဝင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ခရိုင်ဦးစီးမှူး ဦးသိန်းဟန်-၂ က ပရိုဂျက်တာ ပါဝါပွိုင့်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဆွေးနွေးဟောပြောသည်။ **(ဝဲပုံ)**

ဟောပြောဆွေးနွေး

ဟောပြောပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းဌာန ဒုတိယရဲမှူး ကျော်မျိုးမြင့်က ယာဉ်စည်းကမ်းထိန်းသိမ်းရေး လက်တွေ့ဆောင်ရွက်မှုများကို လည်းကောင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက သူတစ်ပါးထိခိုက်မှုအာမခံလုပ်ငန်းအကြောင်းကို လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ပန်ဆိုင်း(ကြူကုတ်) အလက(ခွဲ)၌ကျင်းပ

မူဆယ် ဇူလိုင် ၃၀

ပန်ဆိုင်း(ကြူကုတ်) အလက(ခွဲ)၌ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၈ ရက်ကကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးမောင်နှင့် ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ဂျဲနက်နန်ပရီက အမှာစကားပြောကြားကာ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

အလိမ္မာ စာမှာရှိ

သဘာဝအရင်းအမြစ်များကို ထိရောက်စွာ အသုံးချ ပြည်တွင်း ပြည်ပသို့ ထုတ်လုပ်ရောင်းချနိုင်အောင် ကြိုးစား

● *ရှေ့ဖုံးမှ*

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အထိ ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့နယ်အချို့တွင် လူနေအိမ်များ ထိခိုက်ပျက်စီးမှု၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ဆောင်ရွက်ပေးမှု၊ ခေတ္တပိတ်ခဲ့ရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်မှု၊ စိုက်ပျိုးပြီး မိုးစပါးများ ရေလွှမ်းမိုးထိခိုက်ပျက်စီးမှုနှင့် ပြန်လည်စိုက်ပျိုးပြီးစီးမှု၊ ရေငန်တားတာတမံ၊ ရေလှောင်တမံနှင့် လျှိုပိတ်ဆည်များ၏ အခြေအနေ၊ တောင်ကျချောင်းရေများနှင့် ရေတိုက်စားခြင်းတို့ကြောင့် တံတားများပျက်စီးခြင်း၊ လမ်းသားများပဲ့ကျခြင်း၊ တောင်မြေပြိုကျခြင်းများ ဖြစ်ပွားခဲ့မှုနှင့် လမ်း၊ တံတားများ ပြုပြင်ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ငါးသိုင်းချောင်း-ဂွလမ်းအပိုင်းတွင် တောင်မြေပြိုကျမှုနှင့် လမ်းကမ်းပါးပဲ့ကျမှုတို့ ဖြစ်ပေါ်ခဲ့၍

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တောင်ပြိုမြေများကို ရှင်းလင်းဖယ်ရှားခြင်းနှင့် မြေကာနံရံရိုက်ခြင်းလုပ်ငန်းဆောင်ရွက်မှု၊ ဂွ-သံတွဲလမ်းအပိုင်းတွင် လမ်းရေကျော်ပြီး ရေတိုက်စားမှုကြောင့် တံတားကမ်းကပ်ခုံပျက်စီးခဲ့၍ လမ်းနှင့်တံတားတို့ကို ပြန်လည်ပြင်ဆင်နေမှု၊ သံတွဲ-တောင်ကုတ်လမ်းအပိုင်းတွင် သံတွဲမြို့နယ်အတွင်း လမ်းများရေကျော်၍ ပျက်စီးမှု၊ တောင်ကုတ်-မအီ-အမ်း လမ်းအပိုင်းတွင် ငှက်ပျောချောင်းတံတားနှင့် စနဲချောင်းတံတားပျက်စီးမှုရှိခဲ့၍ ပြုပြင်နေမှုနှင့် ဗွက်တန်းရှည်ဖြစ်ပေါ်မှုကို ပြင်ဆင်ထားမှု၊ မင်းဘူး-အမ်းလမ်းအပိုင်းတွင် ကတ္တရာလမ်း ရေတိုက်စားမှုကြောင့် လမ်းသားနိမ့်ကျနေမှုကို ပြင်ဆင်ထားမှု၊ တောင်ပြိုမြေများကို စက်ယာဉ်ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားမှုနှင့် ပြိုပျက်သွားသော လမ်းပခုံးသားများကို မြေထိန်းတုတ်ရိုက်၍ ပြုပြင်ထားမှု၊ အမ်း-တပ်တောင်လမ်းအပိုင်းတွင် သစ်သားတံတားနှင့်ချဉ်းကပ်လမ်း ရေတိုက်စားပျက်စီးမှုနှင့် ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ အမ်း-မင်းပြားလမ်းအပိုင်းတွင် အရှည်ပေ ၉၉၀ ရှိ နှစ်လွှာ တစ်ထပ်ဘေလီတံတားဖြစ်သော ဒါးလက်ချောင်းတံတား၏ ရေလယ်တိုင်အမှတ် P7 ထိခိုက်ပျက်စီးခဲ့၍ ဘေလီတံတားသံပေါင် အားဖြည့်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် လမ်းရေကျော်မှုကို ပြုပြင်ထားမှု၊ မင်းပြား-စစ်တွေလမ်းအပိုင်းတွင် သစ်သားတံတားနှင့် လမ်းသားပေ ၄၀ ခန့် ရေစီး၍မျောပါသွားမှုကို နေ့ဆိုင်း/ညဆိုင်းဖြင့် ဆောင်ရွက်ခဲ့မှု၊ ဘူးသီးတောင်-မောင်တောလမ်းအပိုင်း (မောင်တောခရိုင်)တွင် ဘေလီတံတားကျိုးကျပျက်စီးခဲ့၍ ဘေလီသံပေါင်တပ်ဆင်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

လိုက်လံကြည့်ရှုစစ်ဆေး

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ရေကြီးနစ်မြုပ်သည့်ဒေသများကို လိုက်လံကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် မိမိဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ လာရောက်ကြခြင်းဖြစ်ကြောင်း။

မိမိတို့အဖွဲ့သည် ဇူလိုင်လ ဒုတိယပတ်နှင့် တတိယပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေအိမ်ခြေအချို့နှင့် လယ်ယာများရေနစ်မြုပ်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတ၊ ငါးသိုင်းချောင်းမြို့တို့နှင့် ရခိုင်ပြည်နယ် ဂွ၊ သံတွဲ၊ တောင်ကုတ်၊ အမ်း၊ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်မြို့များမှတစ်ဆင့် စစ်တွေမြို့သို့ ယမန်နေ့က ရောက်ရှိလာကြခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ ရေကြီးနစ်မြုပ်မှုကြောင့် အသက်သေဆုံးမှု အနည်းငယ်သာရှိခဲ့ပါကြောင်း၊ သို့သော် အိုးအိမ်အချို့ ရေမျောပျက်စီးမှု၊ စိုက်ပြီးလယ်များ အချိန်ကြာစွာ ရေနစ်မြုပ်မှု၊ စာသင်ကျောင်းများပိတ်ထားရမှု၊ လမ်းနှင့်တံတား အချို့ ပျက်စီးမှုများရှိခဲ့သော်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့်တို့က စေတနာရှင်ပြည်သူများနှင့်ပူးပေါင်းပြီး အချိန်မီ ကူညီကယ်ဆယ်မှုများ ပြုလုပ်နိုင်ခဲ့သည့်အတွက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ များစွာလျော့နည်းသွားခဲ့သည်ကို တွေ့ရှိရကြောင်း။

စီမံဆောင်ရွက်

မိမိတို့ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝန်ကြီးများအနေဖြင့်လည်း မိမိဦးဆောင်ပြီး ရေကြီးနစ်မြုပ်သည့် ဒေသများသို့ ယခုကဲ့သို့ အချိန်တိုအတွင်း ရောက်ရှိလာခဲ့သည့်အတွက် ရေနစ်မြုပ်ပျက်စီးသွားသော နေအိမ်အချို့ ပြန်လည်ဆောက်လုပ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းသား ကျောင်းသူများ ကျောင်းပြန်တက်နိုင်ရေး၊ နောက်ဆက်တွဲ ရောဂါဘယများမဖြစ်ပေါ်စေရေး၊ ရေနစ်မြုပ်ပျက်စီးဆုံးရှုံးသွားသည့် စိုက်ပြီးလယ်များအတွက် မျိုးစပါးများရရှိရေး၊ လမ်းတံတားများအမြန်ဆုံး ပြန်လည်ပြင်ဆင်ပေးနိုင်ရေးတို့ကို နိုင်ငံတော်အဆင့်အနေဖြင့် လတ်တလောဆောင်ရွက်ပေးသင့်သည်များကို လတ်တလောဆောင်ရွက်ပေးခဲ့ပြီး ရေရှည်စီမံဆောင်ရွက်ပေးသင့်သည်များကိုလည်း စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရေကြီးနစ်မြုပ်မှုများတွင် များသောအားဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုအများဆုံးမှာ တောင်သူလယ်သမားနှင့် ဆင်းရဲသားလက်လုပ်လက်စားသမားများဖြစ်သည့်အတွက် ထိုလူတန်းစားများအတွက် လတ်တလော အဆင်ပြေရေးအတွက်သာမက ၎င်းတို့၏ လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ နိုင်ငံတော်အပိုင်းကရော ပြည်သူများအပိုင်းကပါ ဝိုင်းဝန်းပြီး ပါဝင်ကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

လျော့ကျလာမည်

ယနေ့ မိမိတို့အစိုးရ အလေးထားပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးခေါင်းစဉ်အောက်တွင် လုပ်ငန်း (၈)ရပ် ပါဝင်ပြီး လုပ်ငန်းတစ်ရပ်ဖြစ်သည့် ပုဂ္ဂလိကငွေစုငွေချေးအသင်းများထူထောင်၍ အရင်းအနှီးလိုအပ်နေသော တောင်သူလယ်သမားများ၊ လက်လုပ်လက်စားများ၊ ဈေးဆိုင်ကလေးများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ စသည်ဖြင့် ဥပဒေနှင့်အညီ ရိုးသားစွာ လုပ်ကိုင်ရှာဖွေစားသောက်နေကြသော ဆင်းရဲနွမ်းပါးသူများအား ထိုက်သင့်သည့်အတိုးနှုန်းဖြင့် ငွေချေးပေးခြင်း၊ ငွေစုဆောင်းနိုင်အောင်ဖန်တီးပေးခြင်း ရရှိသည့်အတိုးငွေအနက်မှ အချို့အဝက်ကို ၎င်းတို့အတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် NGO အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးမည်ဆိုပါက မြို့ပေါ်ရပ်ကွက်နှင့်ကျေးလက်များ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုသည်လည်း လျော့ကျလာမည်ဖြစ်ကြောင်း။

ရှိသောသူက မရှိသည့်သူကို မျှဝေကူညီခြင်း၊ ချမ်းသာသောသူက ဆင်းရဲချို့တဲ့သူကို ပေးကမ်းခြင်း၊ ခွန်အားကြီးသူက ခွန်အားငယ်သူကို ညှာတာခြင်းစသည်တို့သည် မိမိတို့ မြန်မာလူမျိုးများ၏ မွန်မြတ်သော အလေ့အထများဖြစ်သကဲ့သို့ မင်္ဂလာရှိသော လုပ်ငန်းများလည်းဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့်အတူ ဤလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းပါဝင်ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း။

အားလုံးအသိပင်

ယနေ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကြောင့် နိုင်ငံအချို့တွင် အင်အားပြင်းထန်သော ငလျင်များလှုပ်ခြင်း၊ ဆူနာမီရေလှိုင်းကြီးများ တက်ရောက်လာခြင်း၊ မီးတောင်များပေါက်ကွဲခြင်း၊ ပြင်းထန်သည့် မုန်တိုင်းများ ကျရောက်ခြင်း၊ တောမီးများလောင်ခြင်း၊ အပူလှိုင်းများကျရောက်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ကြရပြီး လူသားများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင်လည်း ၂၀၀၈ ခုနှစ်က အင်အားပြင်းထန်သော နာဂစ်မုန်တိုင်း ကျရောက်ခဲ့သည့်အပြင် ၂၀၁၀ ခုနှစ် နှစ်ကုန်ပိုင်းတွင်လည်း ရခိုင်ပြည်နယ်၌ ဂီရိမုန်တိုင်းတိုက်ခတ်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းသဘာဝဘေးအန္တရာယ်များကို လူသားများအနေဖြင့် တားဆီးနိုင်စွမ်းမရှိသည့်အတွက် ကျော်လွှားနိုင်အောင် ကြိုတင်ပြင်ဆင်မှုများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရမည်ဖြစ်ကြောင်း၊ ကြုံတွေ့လာခဲ့လျှင်လည်း မတုန်မလှုပ်ဘဲ တစ်ဦးကိုတစ်ဦးက ကူညီစောင့်ရှောက်မှုများ၊ အားပေးထောက်ကူမှုများ ပြုလုပ်ကြရမည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူ၊ တပ်မတော်တို့ အတူလက်တွဲပြီး စည်းလုံးညီညွတ်စွာဖြင့် ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ကြိုးစားလုပ်ကိုင်

ရခိုင်ပြည်နယ်သည် သဘာဝသယံဇာတများ ပေါများသည့်ပြည်နယ်ဖြစ်ကြောင်း၊ သားငါးပေါများသော ပင်လယ်ပြင်နှင့် မြစ်ချောင်းများရှိသည့်အပြင် ပြန့်ပြူးညီညာသော လယ်ကွင်းများလည်းရှိကြောင်း၊ သစ်ဝါးပေါများသည့် သစ်တောများ၊ တောင်ကုန်းများလည်းရှိကြောင်း၊ ဤပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားများအနေဖြင့် ဤသဘာဝအရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချပြီး စားဝတ်နေရေး ပြည့်စုံဖူလုံရုံသာမက ပြည်တွင်းပြည်ပသို့ပါ ထုတ်လုပ်ရောင်းချနိုင်အောင် အလုပ်ကိုကြိုးစားလုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ တိုင်းတစ်ပါးသားများ ဝင်ရောက်မလာနိုင်အောင်လည်း ကာကွယ်တားဆီးသွားရန် လိုအပ်ကြောင်း၊ ကျဉ်းမြောင်းသောလူမျိုးစွဲ၊ ဒေသစွဲများကို ဖယ်ရှားပြီး ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်ထာဝရ မွေးမြူသွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် စစ်တွေမြို့မှထွက်ခွာခဲ့ရာ နံနက်ပိုင်းတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ဘယ်လာရုစ်သမ္မတနိုင်ငံကောင်စစ်ဝန်အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဒေါက်တာအောင်မိုးမြင့် ၎င်း၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ဘယ်လာရုစ်သမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ဘယ်လာရုစ်သမ္မတနိုင်ငံကောင်စစ်ဝန်အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဒေါက်တာအောင်မိုးမြင့်သည် ယမန်နေ့ညနေ ၃ နာရီတွင် နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်၍ ၎င်း၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါကောင်စစ်ဝန် ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပရိက္ခရာလမ်းဖြတ်ကွန်ကရစ်ရေမြောင်း ပြုလုပ်ထားရှိမှုကို ဇူလိုင် ၆ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများ စစ်ဆေး

မိုးနဲ ဇူလိုင် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့တွင် အများပြည်သူများ ကျန်းမာရေးထိခိုက်စေနိုင်သည့် သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ၊ မရှိကို ဇူလိုင် ၂၀ ရက်က မိုးနဲမြို့မဈေးနှင့် မြို့ပေါ်ရှိ ကုန်စုံဆိုင်ကြီးများတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုံထူးလှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်တို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ပိုမိုကြွယ်ဝချမ်းသာလာသော စင်ကာပူမှ ဘီလျံနာသူဌေးကြီးများ

စင်ကာပူ ဇူလိုင် ၃၀

စင်ကာပူနိုင်ငံမှ ချမ်းသာကြွယ်ဝမှုအရှိဆုံးပုဂ္ဂိုလ် ၄၀ တို့၏ ငွေကြေးပိုင်ဆိုင်မှု စုစုပေါင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၄ ဘီလီယံခန့်ရှိရာ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်ကထက် ငွေကြေးပိုင်ဆိုင်မှု ၁၉ရာခိုင်နှုန်း ပိုမိုမြင့်တက်လာကြောင်း ဖော်ဘတ်အာရှမဂ္ဂဇင်းက ဇူလိုင် ၂၉ရက်၌ဖော်ပြသည်။

စင်ကာပူနိုင်ငံမှ တန်ဖောင်မိသားစုမှာ ယခုနှစ်၌ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ဘီလီယံအထိ ပိုင်ဆိုင်လာသဖြင့် ပြီးခဲ့သည့်နှစ်ကထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ဘီလီယံ တိုးမြင့်ချမ်းသာလာခဲ့ပြီး ထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်။ ၎င်းမိသားစုသည် အိမ်ရာမြေ အဆောက်အအုံဆိုင်ရာ အရှေ့ဖျားစီးပွားရေးလုပ်ငန်းနှင့် ဟောင်ကောင်ရှိ အိမ်ရာမြေလုပ်ငန်းများကို ပိုင်ဆိုင်သူဖြစ်သည်ဟု စထရိတ်တိုင်းမ်သတင်းစာ၌ ဖော်ပြခဲ့သည်။

ဒုတိယအချမ်းသာဆုံးပုဂ္ဂိုလ်မှာ ခိုတက်ပက်ဖြစ်ပြီး အမေရိကန် ဒေါ်လာ ၆ ဒသမ ၇ဘီလီယံပိုင်ဆိုင်သည်။ တတိယအချမ်းသာဆုံးပုဂ္ဂိုလ်မှာ ဘဏ်လုပ်ငန်းပိုင်ရှင် ဝီချိုယောဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံ ပိုင်ဆိုင်သည်။ စင်ကာပူနိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ဘီလျံနာသူဌေးကြီး ၁၁ ဦးသာရှိခဲ့ရာ ယခုနှစ်၌ ၁၃ ဦး အထိရှိလာပြီဖြစ်သည်။ အသစ်တိုးလာသည့် ဘီလျံနာသူဌေးကြီးနှစ်ဦးမှာ လိန်းမိသားစုနှင့် အစားအစာများ ထုတ်လုပ်ရောင်းချသည့် သူဌေးကြီး ဆမ်ရိုအီမိသားစုတို့ဖြစ်ကြသည်။ **(အင်တာနက်)**



ကမ္ဘာဂြိုဟ်အနီး ထရိုဂျန် အမည်ရှိ ဂြိုဟ်သိမ်တစ်ခုတွေ့ရှိ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၃၀

နာဆာအာကာသသိပ္ပံပညာရှင်အဖွဲ့က ကမ္ဘာဂြိုဟ်နှင့် မဝေးလှသည့် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ကမ္ဘာဂြိုဟ်နှင့်အတူ နေကိုလှည့်ပတ်နေသော ဂြိုဟ်သိမ်တစ်ခုကို တွေ့ရှိခဲ့ကြောင်း ဇူလိုင် ၂၉ ရက်က အင်တာနက်သိပ္ပံသတင်းတစ်ရပ်၌ ဖော်ပြထားသည်။ (အပေါ်ပုံ)

အဆိုပါဂြိုဟ်သည် အချင်းဝက်မီတာ ၂၀၀ မှ ၃၀၀ အထိ ရှိနိုင်ကြောင်း၊ ၎င်းဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အနီးတွင်ရှိနေသော်လည်း ကမ္ဘာဂြိုဟ်ကို ဝင်တိုက်နိုင်မည်မဟုတ်ကြောင်း နာဆာသိပ္ပံပညာရှင်များအဖွဲ့က ပြောကြားသည်။

တွေ့ရှိခဲ့

ယင်းဂြိုဟ်ကို ထရိုဂျန်ဂြိုဟ်သိမ် (Trojan Asteroid) ဟူ၍လည်း ခေါ်ကြသည်။ နာဆာမှ လွှတ်တင်ထားသည့် Wise အမည်ရှိ တယ်လီစကုပ်မှ ၎င်းဂြိုဟ်သိမ်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထရိုဂျန်ကို 2010 TK 7 ဟု နာဆာက မူလက ခေါ်ဆိုခဲ့သည်။ ယင်းတွေ့ရှိချက်ကို ယခုသီတင်းပတ်ထုတ် နေချာဂျာနယ်တွင် ဖော်ပြထားသည်။

ယူဆထား

ယင်းဂြိုဟ်သို့ ကမ္ဘာမြေမှ လေယာဉ်ဖြင့် သွားရောက်လည်ပတ်နိုင်လိမ့်မည်ဟု နာဆာက ယူဆထားသည်။ သို့သော် လေယာဉ်ဆီများစွာ ကုန်ကျလိမ့်မည်ဟု ဆိုသည်။ ၎င်းကို ကမ္ဘာမြေမှ တွေ့ရန်ခက်ခဲသော်လည်း အလွန်အားကောင်းသည့် တယ်လီစကုပ်ဖြင့် ကြည့်ရှုလျှင် တွေ့နိုင်သည်ဟု ဆိုသည်။ **(အင်တာနက်)**

ကွန်ဂို၌ သင်္ဘောနှစ်စင်းတိုက်မိ၊ လူ ၁၀၀ကျော်သေဆုံး

ကင်ရှာဆာ ဇူလိုင် ၃၀

ကွန်ဂိုနိုင်ငံ အီကွေတာပြည်နယ်အတွင်းရှိ မြစ်တစ်မြစ်တွင် သင်္ဘောနှစ်စင်း ဇူလိုင် ၂၈ရက် ညပိုင်းက တိုက်မိ၍ လူ ၁၀၀ကျော် သေဆုံးခဲ့ကြောင်း အသက်ရှင်ကျန်ရစ်သူတစ်ဦးက ဇူလိုင် ၂၉ရက်၌ ပြောကြားသည်။

အသက်ရှင်ကျန်ရစ်သူ တစ်ဦးဖြစ်သည့် အဲလ်ဖရက် လွမ်ပါကာ ဆိုသူက တိုက်မိသင်္ဘောနှစ်စင်းတွင် လူ ၂၀၀ကျော်စီးနင်းလာကြောင်း၊ အသက်ဘေးမှလွတ်ခဲ့သူ ၈၃ဦးခန့်ရှိကြောင်း၊ သူစီးခဲ့သည့် သင်္ဘောမှာ ပြည်တွင်းလုပ်သင်္ဘောတစ်စင်းဖြစ်ပြီး ကနူးလှေငယ်သုံးစင်းကို ၎င်းသင်္ဘောနှင့်တွဲချည်ထားကြောင်း၊ မီးမပါဘဲ ညအမှောင်ထဲခုတ်မောင်းလာစဉ် အခြားမီးမပါသည့် သင်္ဘောတစ်စင်းနှင့် တိုက်မိကြခြင်းဖြစ်ကြောင်း ပြောဆိုသည်။

အာဏာပိုင်များက သေဆုံးသူစာရင်းကို အတည်မပြုသေးကြောင်း၊ သင်္ဘောတိုက်မှု စုံစမ်းစစ်ဆေးမှုများ၏ နောက်ဆုံးသတင်းကို ၎င်းတို့စောင့်နေဆဲဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနသို့ ပြောကြားသည်။ တွင်းထွက် ပစ္စည်းကြွယ်ဝသည့် ၎င်းအလယ်ပိုင်း အာဖရိကနိုင်ငံတွင် သင်္ဘောတိုက်မှုနှင့်တိမ်းမှောက်မှု မတော်တဆဖြစ်ရပ်များအဖြစ်များပြီး ရေကြောင်းခရီးများတွင် ထိန်းသိမ်းမှုနည်းခြင်း၊ လူပြည့်သိပ် တင်ဆောင်မောင်းနှင်ခြင်းတို့ကြောင့် မတော်တဆ ဖြစ်ရပ်များ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံတကာသတင်းအတိုအထွာ

ဇော်ဦးခိုင် - စုစည်းသည်

ယူကရိန်းတွင် မိုင်းတွင်းပေါက်ကွဲ၊ ၁၆ ဦးသေဆုံး

လုဂျန့်ခ် ဇူလိုင် ၃၀

ယူကရိန်းနိုင်ငံအရှေ့ပိုင်း လုဂျန့်ခ်ဒေသအတွင်းရှိ မိုင်းတွင်းတစ်တွင်း ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၅၇ မိနစ်က ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ အနည်းဆုံး ၁၆ ဦး သေဆုံးခဲ့သည်ဟု အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်း ပေါက်ကွဲမှုအတွင်း ပျောက်ဆုံးစာရင်းမှာ ၁၀ ဦးထက်ပိုကြောင်းနှင့် မိုင်းလုပ်သားနှစ်ဦး ဆေးရုံတွင် ကုသမှုခံယူလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်တွင် လမ်းဘေးဗုံးပေါက်ကွဲ

ကဘူးလ် ဇူလိုင် ၃၀

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မက်ပြည်နယ် နာ့အီဆာရာ့ချ်ခရိုင်အတွင်း ဇူလိုင် ၂၉ ရက်က ခရီးသည်တင် မီနီဘတ်စ်တစ်စီး မောင်းနှင်လာချိန်၌ လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲ၍ ယာဉ်ပေါ်ရှိ ခရီးသည်အရပ်သား ၁၈ ဦး သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်အရ သိရသည်။

(အင်တာနက်)

နော့တန်မုန်တိုင်း တရုတ်နိုင်ငံတောင်ပိုင်း၌တိုက်ခတ်

ပေကျင်း ဇူလိုင် ၃၀

ယခုနှစ်၏ ရှစ်ခုမြောက် မုန်တိုင်းဖြစ်သည့် နော့တန်မုန်တိုင်းသည် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ဆင်ဟွာ အင်တာနက်သတင်းတွင် ဇူလိုင် ၃၀ ရက်က ဖော်ပြသည်။ ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်း၌ ဝန်ချန်မြို့တွင်းသို့ လေတိုက်နှုန်းတစ်စက္ကန့်လျှင် ၃၀ မီတာခန့်ဖြင့် တိုက်ခတ်သွားခဲ့ကြောင်း၊ တာဝန်ရှိသူများက လူ ၇၅၀၀၀ ခန့်အား ဘေးလွတ်ရာ ရွှေ့ပြောင်းထားရကြောင်း သိရသည်။ **(အင်တာနက်)**

ဂျပန်၌ ဂျက်လေယာဉ်ပျက်ကျ၊ သုံးဦးသေဆုံး

တိုကျို ဇူလိုင် ၃၀

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်းတွင် ဇူလိုင် ၂၈ ရက်က ဂျက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ သုံးဦးသေဆုံးခဲ့ကြောင်း၊ ၎င်းလေယာဉ်မှာ ဟော့ကိုင်းဒိုးကျွန်းရှိ အိုဘီဟီရိုလေဆိပ်မှ ယင်းနေ့နံနက်က နည်းပြနှစ်ဦးနှင့် လေယာဉ်အမောင်းသင်နှစ်ဦးတို့ကိုတင်ဆောင်ကာ လေ့ကျင့်ပျံသန်းရန် ထွက်ခွာလာစဉ် ရုတ်တရက်ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနမှ ဇူလိုင် ၂၉ ရက်က သတင်းထုတ်ပြန်သည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ဂျပန်နိုင်ငံ မြောက်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွား၊ ဒေသခံ ၄၀၀၀၀၀ ခန့် ရွှေ့ပြောင်းပေးခဲ့ရ

တိုကျို ဇူလိုင် ၃၀

ဂျပန်နိုင်ငံမြောက်ပိုင်း နီအီဂါတာနှင့်ဖုကူရှီးမားစီရင်စုတို့တွင် ဇူလိုင် ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ဒေသခံပြည်သူ ၄၀၀၀၀၀ ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

မိုးသည်းထန်ပြီး ရေလွှမ်းမှုများကြောင့် အဆိုပါစီရင်စုများတွင် အမျိုးသားတစ်ဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိကြောင်း၊ နီအီဂါတာစီရင်စုတွင် အီဂါရာရှီမြစ်ရေလျှံမှုကြောင့် ဆန်ဂျိုအရပ်၌ ရေလွှမ်းမှုများဖြစ်ပေါ်နေသဖြင့် ဒေသခံများအား ဘေးကင်းရာသို့ရွှေ့ပြောင်းနေရကြောင်း ၎င်းသတင်း၌ ဆက်လက်ဖော်ပြသည်။ ရေလွှမ်းမှုများကြောင့် အဆိုပါစီရင်စုနှစ်စုမှ မြို့ကြီးနှစ်မြို့နှင့်အခြားမြို့ ၁၁ မြို့ တို့မှ ဒေသခံစုစုပေါင်း ၃၈၀၀၀၀ ခန့်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနေရသည်။

ဂျပန်နိုင်ငံမြောက်ပိုင်း၌ မိုးဆက်တိုက်ရွာသွန်းလျက်ရှိရာ ဇူလိုင် ၂၇ ရက်မှ စတင်ကာ မိုးရေချိန် ၅၀၀ မီလီမီတာအထိရှိခဲ့ပြီး ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပွားလျက်ရှိကြောင်း၊ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း ဂျပန်မိုးလေဝသ ဌာနမှ သတိပေးချက်ထုတ်ပြန်ထားသည်။

(အင်တာနက်)

ဗီယက်နမ်၌ အလုပ်ရုံမီးလောင်၊ ၁၃ ဦးသေဆုံး

ဟန္နိုင်း ဇူလိုင် ၃၀

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟိုင်ဖုန်းမြို့တွင် ဇူလိုင် ၂၉ ရက်က အလုပ်ရုံတစ်ရုံမီးလောင်မှုဖြစ်ပွားရာ အမျိုးသမီး ၁၀ ဦးနှင့် အမျိုးသားသုံးဦးတို့ သေဆုံးခဲ့ပြီး အခြား ၂၁ ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း ဗီယက်နမ်သတင်းဌာနက ဇူလိုင် ၃၀ ရက်၌ သတင်းထုတ်ပြန်သည်။ ***(ယာပုံ)***

ဖြစ်ပွားခဲ့

ဖြစ်ပွားမှုမှာ ဟိုင်ဖုန်းမြို့ တန်ဒန်အရပ်ရှိ ရှူးဖိနပ်အစိတ်အပိုင်းများ ပြုလုပ်သည့်အလုပ်ရုံတွင် ဇူလိုင် ၂၉ရက် ညနေ ၄ နာရီခန့်က မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုမှာ မတော်တဆဖြစ်ရပ်ကြောင့်ဖြစ်ပြီး ၎င်းအလုပ်ရုံ၌ အမျိုးသမီးအလုပ်သမား ၄၇ ဦးနှင့် အမျိုးသားအလုပ်သမားသုံးဦးတို့ လုပ်ငန်းခွင်ဝင်နေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံးဒဏ်ရာရရှိမှုဦးရေ များပြားရခြင်းမှာ ယင်းအလုပ်ရုံသည် ဝင်ပေါက်ထွက်ပေါက်တစ်ခုတည်းသာ ထားရှိခြင်းကြောင့် မီးလောင်မှုဖြစ်ပွားသည့်အခါ အလုပ်သမားများ ၎င်းဝင်ပေါက်သို့ အလုအယက်စုပြုံတိုးဝှေ့ထွက်နေရသဖြင့် သေဆုံးဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။ အလုပ်ရုံအတွင်းမှ ကျန်ရှိနေသော အလုပ်သမားများကို ကယ်ဆယ်ရေးအဖွဲ့များက အမြန်ကယ်ထုတ်ခဲ့ရသည်။ မီးသတ်တပ်ဖွဲ့ဝင်များက ယင်းနေ့ညနေ ၅ နာရီခန့်၌ မီးငြိမ်းသတ်နိုင်ခဲ့သည်။ ကနဦးစုံစမ်းစစ်ဆေးမှုအရ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။ ***(အင်တာနက်)***

နေစွမ်းအင်သုံး အာကာသလေ့လာရေးယာဉ် ဂျူပီတာဂြိုဟ်သို့ စေလွှတ်မည်

ဝါရှင်တန် ဇူလိုင် ၃၀

လာမည့်ဩဂုတ်လတွင် ဂျူပီတာဂြိုဟ်သို့လေ့လာရန် စေလွှတ်မည့် နေစွမ်းအင်သုံး ဂျူနိုအမည်ရှိ လေ့လာရေးယာဉ်တစ်စင်း ***(အပေါ်ပုံ)*** *ကို ဇူလိုင် ၂၉ ရက်က ၎င်းကို သယ်ဆောင်သွားမည့် ဒုံးပျံ၌ တပ်ဆင်လိုက်ပြီဖြစ်ကြောင်း နာဆာက သတင်းထုတ်ပြန်သည်။*

စီစဉ်ထား

၎င်းဂျူနို အာကာသယာဉ်ကို ဩဂုတ် ၅ ရက်နှင့် နောက်အကျဆုံး ဩဂုတ် ၂၆ ရက်၌ ဂျူပီတာဂြိုဟ်သို့ လွှတ်တင်ရန် သတ်မှတ်ထားသည်။ ဩဂုတ် ၅ ရက်၌ လွှတ်တင်ပါက ယင်းနေ့နံနက် ၁၁ နာရီ ၃၄ မိနစ်တွင် လွှတ်တင်ရန် သတ်မှတ်ထားပြီး နောက်အကျဆုံး ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၄၃ မိနစ်၌ လွှတ်တင်ရန် စီစဉ်ထားသည်။

ထိုသို့ ဂျူနိုအာကာသယာဉ် လွှတ်တင်ဖြစ်ပါက ဂျူပီတာဂြိုဟ်နှင့် ဂြိုဟ်ပတ်လမ်းအတွင်းသို့ ၂၀၁၆ ခုနှစ် ဇူလိုင်လ၌ ရောက်ရှိမည်ဖြစ်သည်။ ဂျူနိုအာကာသယာဉ်သည် ဂျူပီတာဂြိုဟ်အတွင်းပိုင်း၊ ဂြိုဟ်၏ အပေါ်ယံလေထုနှင့် ဝင်ရိုးစွန်းနေရာများကို လေ့လာနိုင်မည် ဖြစ်သည်။

ပြောကြား

"မိမိတို့အနေဖြင့် နေစကြဝဠာ၏ အစောပိုင်းကာလဖြစ်စဉ်များကို လေ့လာသိရှိဖော်ထုတ်နိုင်ရန် ဂျူပီတာဂြိုဟ်သို့ စူးစမ်းလေ့လာရေး စတင်တော့မည်" ဟု အမေရိကန်နိုင်ငံ ဆန်အန်တိုနီရိုသုတေသနသိပ္ပံ အကြီးအကဲနှင့် ဂျူနိုအာကာသလေ့လာရေးခရီးစဉ်ခေါင်းဆောင် စကော့ဘော်လ်တန်က ပြောကြားသည်။ ယခုစီမံကိန်းကို ရှစ်နှစ်ကြာဆောင်ရွက်ခဲ့ရပြီးနောက် အရေးကြီးသော အာကာသခရီးစဉ်အတွက် ဂျူနိုအာကာသယာဉ်စေလွှတ်ရေးမှာ အသင့်ဖြစ်နေပြီဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

(အင်တာနက်)

ဘေးဒဏ်ဆီးကာ

စိုးအောင်အောင်(ကယ်ဆယ်ရေး)

ကျွန်တော်တို့ မြန်မာပြည်သူအများစုက **"ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း ဩဘာနိမိတ်ထွန်း"** ဆိုတဲ့စကားကို လက်ခံထားကြပေတာမို့ စာရေးသူအနေနဲ့ သဘာဝဘေးနဲ့ပတ်သက်တဲ့ အကြောင်းအရာများကိုရေးတိုင်း လက်တွန့်ခဲ့မိတာတော့ အမှန်ပါ။ သို့သော်လည်း ဆိုရေးရှိက ဆိုအပ်လှတဲ့ အခြေအနေမျိုးဖြစ်လာပြန်တော့ ပြည်သူတွေထံ သဘာဝဘေးဆိုင်ရာ အသိပညာများ မျှဝေတင်ပြလိုက်ရပြန်ပါပြီ။

၂၀၁၁ ခုနှစ် နှစ်ဆန်းကတည်းကကြုံရတဲ့ ရာသီဥတုကလည်း အတော်ဆန်းနေပြန်ပါတယ်။ နှစ်စဉ် ပူလောင်နေကျနွေရာသီမှာ အအေးဓာတ်ဝင်လာတဲ့ထိ မိုးရွာခဲ့တာ မှတ်မိနေကြဦးမှာပါ။ ဇွန်လဒုတိယပတ် ရောက်ရုံပဲရှိသေးချိန်မှာ မြစ်ရေကြီးခြင်းသတိပေးချက် ထုတ်ပြန်ခဲ့ရလောက်အောင် ဝဝန်၊ လှိုင်းဘွဲ့၊ သံလွင်၊ ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်း၊ ပဲခူးမြစ်တွေမှာ ရေကြီးခဲ့ရာက ဇူလိုင်လလည်းရောက်ရော မြို့တွေရဲ့ စိုးရိမ်ရေမှတ်တွေ ကျော်လာခဲ့ပါတယ်။ အနိမ့်ပိုင်း မြို့၊ ရွာ၊ ရပ်ကွက်တွေ ရေလွှမ်းခဲ့ပါတယ်။ ဒီတော့ ဒေသအာဏာပိုင်တွေရဲ့ အစီအမံတွေနဲ့ ကယ်ဆယ်ရေးစခန်းတွေဖွင့်ပြီး ရေဘေးသင့်ပြည်သူတွေကို ကူညီစောင့်ရှောက်မှုများ လုပ်ကြရပါတော့တယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်လည်း ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ကယ်ဆယ်ရေးစခန်းတွေရှိရာ ပဲခူး၊ ဟင်္သာတ၊ ငါးသိုင်းချောင်း၊ ဂွ၊ တောင်ကုတ်၊ သံတွဲ၊ မြောက်ဦး၊ မင်းပြား၊ အမ်းမြို့က ဘေးသင့်ပြည်သူတွေဆီကို အရောက်သွားလို့ ကြည့်ရှုစောင့်ရှောက် အားပေးစကားပြောကြားခဲ့တာ၊ ကယ်ဆယ်ရေးပစ္စည်းတွေ ပံ့ပိုးထောက်ပံ့တာ၊ လတ်တလောစားဝတ်နေရေးအတွက် ကူညီပေးခဲ့ရုံသာမက ကျန်းမာရေးစောင့်ရှောက်မှုပေးတာ၊ ပညာရေးနှောင့်နှေးမှုမဖြစ်အောင် လမ်းညွှန်စီမံမှုတွေပြုလုပ်ပေးခဲ့တာအားလုံး နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် တွေ့ကြ၊ မြင်ကြရပါတယ်။ ခရီးစဉ်အတွင်း ရေဘေးသင့်ပြည်သူတွေအပါအဝင် ဒေသခံပြည်သူတွေ၊ အာဏာပိုင်အဖွဲ့အစည်းတွေ၊ နိုင်ငံ့ဝန်ထမ်းတွေနဲ့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတကြီးရဲ့ မေတ္တာအပြည့်နဲ့ နွေးထွေးတဲ့ဆက်ဆံမှုတွေ၊ လမ်းညွှန်သြဝါဒတွေဟာ ဘေးသင့်ပြည်သူတွေအတွက် ခွန်အားကို ဖြစ်စေခဲ့တာလည်း အမှန်ပါ။

ခရီးစဉ်တစ်လျှောက် သမ္မတကြီးရဲ့သြဝါဒတွေကို အနှစ်ချုပ်ကြည့်ရင် ယခုအခါ တစ်ကမ္ဘာလုံးမှာ ရာသီဥတုဖောက်ပြန်နေပြီး အင်အားပြင်းထန်တဲ့ လေပြင်းကြီးများ၊ ဆူနာမီရေလှိုင်းကြီးများ၊ မီးတောင်ပေါက်ကွဲမှုများ၊ ရေလွှမ်းမိုးနစ်မြုပ်မှုများကြောင့် အသေအပျောက်များပြားနေကြောင်း၊ အချို့နိုင်ငံတွေမှာ မိုးခေါင်ပြီး အစာရေစာပြတ်လပ်နေကြောင်း၊ နိုင်ငံတကာနှင့် ယှဉ်လျှင် မိမိတို့နိုင်ငံဟာ ပျက်စီးဆုံးရှုံးမှုပမာဏနည်းပါးကြောင်း၊ ရာသီဥတုဖောက်ပြန်လို့ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ကျော်လွှားနိုင်မယ့် နည်းလမ်းများ စဉ်းစားပြီး ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လာမယ့်မိုးနှောင်းကာလအတွင်း မြစ်ကမ်းပါးကို ကာကွယ်ထားတဲ့ တာတမံများ မကျိုးပေါက်စေရန် တာဝန်ရှိသူများက ဂရုပြုစောင့်ကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသအာဏာပိုင်များနဲ့အတူ ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည်ဆိုပါက ဘယ်လိုဘေးမျိုးမဆို ကြံ့ကြံ့ခံ တွန်းလှန်အောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် လမ်းညွှန်မှာကြားခဲ့ပါတယ်။ ရေရှည်သဘာဝဘေးကာကွယ်ရေးအတွက် လိုက်နာလုပ်ဆောင်ဖို့ လုပ်ငန်းစဉ်တွေအဖြစ် ခံယူရပါမယ်။

ကမ္ဘာတစ်ဝန်းမှာ အကြိမ်ကြိမ်တွေ့ကြုံခဲ့ရတဲ့ သဘာဝဘေးများအပေါ် သင်ခန်းစာဖော်ထုတ်ချက်များအရ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ဘေးဒဏ်ခံနိုင်ရည်ရှိတဲ့နိုင်ငံ သို့မဟုတ် မြို့တော်ဆိုတာ မရှိသေးပါဘူး။ ဘေးအမျိုးမျိုးမှ ထွက်ပေါ်လာတဲ့အန္တရာယ်များနဲ့အတူ သဘာဝတရားရဲ့ ပြုမူမှု(ဒဏ်ခတ်မှု) ကို လူသားတွေ မလွဲသာမရှောင်သာ တွေ့ကြုံနေကြရဦးမှာပါ။ အဲဒီတော့ အန္တရာယ်တွေကို ဆက်ပြီးတိုးပွားလာအောင် ဆက်လုပ်မလား၊ ယုတ်လျော့သွားအောင်လုပ်မလား၊ ကျွန်တော်တို့အားလုံးရဲ့ လုပ်ဆောင်ချက်တွေက အဲဒီအကောင်း၊ ဒါမှမဟုတ် အဆိုးကြိုက်ရာကို ဖြစ်စေမှာပါ။ အဲဒီအတွက် ကွဲပြားခြားနားစေမယ့် အဓိကအချက်ကတော့ ကြိုတင်ပြင်ဆင်မှုတွေပါ။ ကြိုတင်ပြင်ဆင်မှုကွဲပြားတာနဲ့အမျှ ဘေးအန္တရာယ်တိုးပွားခြင်း၊ လျော့သွားခြင်းတွေဟာ ဆန့်ကျင်ဘက်ဆီကို ဦးတည်သွားနေပါတယ်။ ကြိုတင်ပြင်ဆင်မှုကောင်းပြီဆိုရင်တော့ သဘာဝဘေးဖြစ်ပွားမှုတွေ လျော့နည်းလာမယ်။ သဘာဝဘေးကြောင့်ဆုံးရှုံးမှုတွေ နည်းပါးသွားမယ်၊ နိုင်ငံတော်နဲ့ ပြည်သူပိုင် အဆောက်အအုံတွေ ပျက်စီးမှုလျော့သွားမယ်။ နိုင်ငံသားတွေရဲ့ အသက်တွေ၊ ဘဝတွေကို အကြောင်းမဲ့ဆုံးရှုံးမှုကြောင့် နိုင်ငံ့စွမ်းအားတွေယုတ်လျော့မှုမှ ကာကွယ်နိုင်ပြီး မိသားစုတွေရဲ့ မျက်ရည်တွေစီးကျမှုကို တားဆီးနိုင်ပါမယ်။ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တဲ့ ကြိုတင်ပြင်ဆင်မှုတွေအတွက် ရင်းနှီးမြှုပ်နှံမှုတွေမလုပ်ခဲ့ရင်တော့ ကြီးမားတဲ့ဆုံးရှုံးမှုတွေ မလွဲမသွေ ရင်ဆိုင်ကြရပါမယ်။

ကမ္ဘာ့ကုလသမဂ္ဂကတော့ နိုင်ငံအသီးသီးအနေနဲ့ ကြိုတင်သတိပေးမှုတွေ၊ ကြိုတင်ပြင်ဆင်မှုတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရေဘေးနဲ့ မုန်တိုင်းဘေးတို့မှာ သေဆုံးမှုများကျဆင်းသွားခြင်းကို ကြည့်ခြင်းအားဖြင့် သိနိုင်တယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာ ဆောင်ရွက်နေကြတဲ့လုပ်ငန်းတိုင်းမှာ ဘေးအန္တရာယ်လျှော့ချရေး၊ ကြိုတင်ပြင်ဆင်ရေး၊ ပြောင်းလဲနေတဲ့ရာသီဥတုနဲ့ လိုက်လျောညီထွေမျှတစွာ နေထိုင်နိုင်ရေးတို့ကို ထည့်သွင်းပေါင်းစပ်လုပ်ဆောင်ဖို့ကိုလည်း တိုက်တွန်းထားပါသေးတယ်။ ဖွံ့ဖြိုးမှုအားနည်းတဲ့နိုင်ငံတွေနဲ့ ကျွန်းစုနိုင်ငံငယ်လေးတွေအနေနဲ့ ဘေးအန္တရာယ်ကျရောက်ချိန်မှာ ဆိုးဆိုးရွားရွား ထိခိုက်ကြရခြင်းရဲ့ အကြောင်းအရင်းတွေကတော့ ဆင်းရဲနွမ်းပါးခြင်း၊ ရာသီဥတု ဖောက်ပြန်မှုနဲ့ မိုးလေဝသအခြေအနေတို့ကြောင့်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။ ဒီတော့ သဘာဝဘေးနဲ့ ရာသီဥတုပြောင်းလဲမှုတို့အတွက် ကြိုတင်စီမံထားတာတွေမရှိရင် ဘယ်လောက်ပဲ ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်စေကာမူ အရာထင်နိုင်မယ်မဟုတ်တာ အမှန်တရားပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဟာ ပြောင်းလဲနေတဲ့ရာသီဥတုအခြေအနေ၊ မြန်မာနိုင်ငံမှာ ကြုံခဲ့ဖူးတဲ့ ရေဘေးဖြစ်စဉ်များ၊ လတ်တလောရရှိတဲ့ မိုးလေဝသသတင်းနဲ့ သုတေသနပြုချက်များအရ ယခုနှစ် မိုးကာလမှာ မြန်မာနိုင်ငံတစ်ဝန်း ရေကြီး၊ ရေလွှမ်းမိုးမှု ကြုံရတော့မယ်ဆိုတာ ကြိုတင်တွက်ဆခဲ့ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်များရှိ အစိုးရအဖွဲ့များထံ ရေဘေးကြုံလာရင် ဖြစ်တတ်တဲ့အန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရန် လိုအပ်တဲ့ အကြံပြုစာများ ပေးပို့ခဲ့ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနကလည်း ရေဘေးနဲ့ပတ်သက်တဲ့ အသိပညာပေး လက်ကမ်းစာစောင်များ၊ နံရံကပ်ပိုစတာများဖြန့်ဝေခြင်း၊ နေ့စဉ်ထုတ်သတင်းစာများမှာ သဘာဝဘေးဆိုင်ရာ ပညာပေးဆောင်းပါးများရေးသားခြင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းများကို မြို့နယ်/ရပ်ကွက်/ကျေးရွာအဆင့်ထိ ပို့ချနိုင်ခဲ့ခြင်း စတာတွေကြောင့် ပြည်သူလူထုအတွင်း ရေဘေးဆိုင်ရာ အသိပညာတွေ ဖြန့်ဖြူးမှုမှာ လက်ဦးမှုရယူနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ရေကြီး၊ ရေလွှမ်းမှုရှိတဲ့ဒေသခံတွေအတွက် မလွဲမသွေ လိုအပ်တော့မယ့် အမိုးအကာ၊ စားသောက်ဖွယ်ရာနဲ့ အဝတ်အထည်၊ ဆေးဝါးသာမက ငွေကြေးများလည်း အချိန်မီထောက်ပံ့ကူညီပေးနိုင်ခဲ့ပါတယ်။ အရေးပေါ်အခြေအနေများ ကြုံတွေ့ရလို့ လိုအပ်လာရင် ကယ်ဆယ်ဖို့ အရေးပေါ်ကယ်ဆယ်ရေး၊ ရှာဖွေရေးအဖွဲ့တွေကို ဖွဲ့စည်းပေးထားပေမယ့် အဲသည်လောက် ဆိုးရွားတဲ့အခြေအနေမျိုးထိ မရောက်ခဲ့ပါဘူး။ ပြည်သူလူထုတစ်ရပ်လုံးအတွက် သဘာဝဘေးကာကွယ်ရေး အသိပညာတွေက ပြည့်ပြည့်ဝဝရှိနေပြီမို့ နိုင်ငံတစ်ဝန်း မိုးလယ်ကာလ ရေကြီး၊ ရေလွှမ်းမိုးဖြစ်စဉ်မှာ တစ်ဦးတစ်ယောက်မျှ သေဆုံး၊ ပျောက်ဆုံးမှု မရှိခဲ့တာ မှတ်တမ်းတင်ရပါမယ်။ မှန်ကန်ကောင်းမွန်တဲ့ ခေါင်းဆောင်မှုအောက်မှာ ကြိုတင်မျှော်တွေးမှုနဲ့ ပြင်ဆင်မှုတို့ ပါဝင်တဲ့ **"ဘေးဒဏ်ဆီးကာ"** ခြင်းဟူသည့် ရင်းနှီးမြှုပ်နှံမှုရဲ့ အကျိုးရလဒ်ကို မြန်မာပြည်သူအားလုံး ခံစားလိုက်ရတဲ့ အောင်ပွဲတစ်ရပ်ပါ။

"နက်နက်ရှိုင်းရှိုင်းပြောရရင် သဘာဝဘေးအန္တရာယ်ဆိုတာ ဘယ်လောက်ပဲ အင်အားကြီးကြီးနဲ့တိုက်ခိုက်စေကာမူ ကျွန်တော်တို့လူသားတွေက ဆက်လက်ရှင်သန်နိုင်တယ်။ မိသားစုတွေဟာ စီးပွားရေးတွေကို ဆက်လက်ဆောင်ရွက်နိုင်တယ်။ ကလေးလေးတွေရဲ့ အနာဂတ်ကိုလည်း ဆက်လက်ဖန်တီးနိုင်တယ်" ဆိုတာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေအားလုံး မိုးလယ်ကာလ ရေကြီးခြင်းဘေးအန္တရာယ်ကို အောင်မြင်စွာ ရင်ဆိုင်ကာကွယ်ကျော်လွှားနိုင်ခဲ့ခြင်းက သာဓကအဖြစ် လက်တွေ့ပြသနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။ ။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မော်ဘီ-ဝါးနက်ချောင်း လမ်းကတ္တရာလမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို ဇူလိုင် ၂၆ ရက်က အမှုဆောင်အရာရှိ ဦးရဲမင်းကျော်နှင့် တာဝန်ခံအင်ဂျင်နီယာဦးမြင့်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ကော့ပရံကျေးရွာ အုတ်ခုံသစ်သားတံတား တည်ဆောက်ပြီးစီးမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့် ဇူလိုင် ၁၂ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများ၊ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုများကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဇူလိုင် ၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနီထွန်းနှင့်ဈေးတာဝန်ခံများ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ငွေဆောင်မြို့ မြို့မလမ်းဘေးဝဲယာ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်နေမှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင် ဇူလိုင် ၂၅ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးဝင်းထွဋ်လွင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်ခဲ့သော မြို့ပြရေပေးရေးလုပ်ငန်းဖြစ်သည့် ဂါလန် ၆၀၀၀ဆံ့ သံကူကွန်ကရစ်ရေစင်ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၂၁ ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးပြည့်ဖြိုးပိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၁-၇ -၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၂၅ ၃။ **FIFA U-20 WORLD CUP 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကိုလံဘီယာအသင်းနှင့် ပြင်သစ်အသင်း)**
- ၉း၁၅ ၄။ နံနက်ပိုင်းသတင်း

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၆၄)
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ မြန်မာရုပ်ရှင် **ချစ်ကမ္ဘာမှာမင်းနဲ့ငါ** စိန်မြင့်၊ ခင်သီတာထွန်း (ဒါရိုက်တာ-မိမိဦး)
- ၁၄း၂၀ ၇။ ရုပ်မြင်ရသ တေးစုကဏ္ဍ
- ၁၄း၃၅ ၈။ အတီးပြိုင်ပွဲ
- ၁၄း၅၀ ၉။ International News

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄း၂၅ ၄။ **အေးမြသော လေညင်းလေးများ**
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ မျက်စိအမြင်ရှင်သန်ရေး ပဏာမမျက်စိ ကျန်းမာရေးစောင့်ရှောက်ပေး
- ၅း၂၅ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၃)
- ၆း၄၀ ၁၂။ တစ်မျက်နှာ၊တစ်ကွက်စာ **ငါးကင်စားသူများ** ဖိုးသောကြာ၊ ကြည်နူးနိုင် ဒါရိုက်တာ-မေတင်(MMG)
- ၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၂)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၃၆)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (ဇာတ်သိမ်းပိုင်း)
- ၂၀။ အစီအစဉ်ပြီး၏။

စပါးတစ်ဧက တင်း၁၀၀ အထက်ထွက်ရှိရေး သိပ္ပံနည်းကျ စိုက်စနစ်ကိုလိုက်နာ

ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုး တစ်မျိုးတည်းကိုသာ ရွေးချယ်စိုက်ပျိုး

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် သံတွဲမြို့ အံတော်ကျေးရွာ တောင်သူ ဦးထွန်းရင်၏ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားပြီး သိပ္ပံနည်းကျစိုက်စနစ်ဖြင့် စိုက်ပျိုးထားသော ဆင်းသွယ်လတ်စပါးမျိုးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇူလိုင်၂၇ရက် မွန်းလွဲပိုင်းတွင် သံတွဲမြို့ရှိ ငပလီရေလှောင်တမံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံသန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် သံတွဲမြို့ အံတော်ကျေးရွာ ကွင်းအမှတ်(၁၇၄)ဦးပိုင်အမှတ်(၇၀/၁) တောင်သူဦးထွန်းရင်၏ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားပြီး သိပ္ပံနည်းကျစိုက်စနစ်ဖြင့် စိုက်ပျိုးထားသော ဆင်းသွယ်လတ်စပါးမျိုး စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် သံတွဲမြို့ရှိ သံတွဲခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ သံတွဲမြို့ရှိ ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံသည်။

ရွေးချယ်စိုက်ပျိုး

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက စပါးတစ်ဧက တင်း ၁၀၀ နှုန်း အထက်ထွက်ရန် သိပ္ပံနည်းကျ စိုက်စနစ်(၁၄)ချက်ကို တောင်သူတိုင်းလိုက်နာဆောင်ရွက်ရန်၊ အလေအလွင့် နည်းစေရန်၊ မောင်းညိုချိန်တွင် ရိတ်သိမ်းပြီး ကောက်လှိုင်းများ စုပုံမထားဘဲ မြန်မြန်ခြွေလှေ့ရန်နှင့် ဒေသနှင့် ကိုက်ညီသော အထွက်ကောင်းမျိုး တစ်မျိုးတည်းကိုသာ ရွေးချယ်စိုက်ပျိုးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် သယု(ပဲပဒုံ)တံတားကြီးကြံ့ခိုင်မှုကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

လမ်း/တံတားကြံ့ခိုင်မှုများ ကြပ်မတ်ဆောင်ရွက်

စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၃၀

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၂၇ ရက် ညနေပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သံတွဲခရိုင်အင်ဂျင်နီယာမှူးရုံးသို့ သွားရောက်၍ မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် သံတွဲခရိုင်အတွင်း လမ်း/တံတားများပျက်စီးမှုများကို ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများစည်းကမ်းတကျနေထိုင်ရေး၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲအလိုက် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေးနှင့် လမ်း၊ တံတားများ၏ ကြံ့ခိုင်မှုများအား စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့သည်။

ရှင်းလင်းတင်ပြ

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းတွင် အမ်းမြို့နယ် ရန်ကုန်-စစ်တွေကားလမ်းရှိ မိုင်တိုင်အမှတ်(၉၁/၃)၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်နေသော အမ်းချောင်း(အောက်ရွာ) တံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဇော်က ကမ်းကပ်ခုံ (A1,A2)ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ ရေလယ်တိုင် (Bored Pile) တူးဖော်နေမှု၊ ဝန်ထမ်းအင်အား၊ ပစ္စည်းရရှိမှုနှင့်စက်ယန္တရားစာရင်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တံတားကြီးအား အမြန်ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် အမ်း-စစ်တွေလမ်းရှိ မိုင်တိုင်အမှတ် (၉/၀)မှ (၁၁/၀)အထိ မဲတောင်ရှောင်ကွင်း ၂ မိုင် ၄ ဖာလုံ လမ်းသစ်ဖောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လမ်းများပေါ် ရေမတင်စေရန် ရေနုတ်မြောင်းများဖောက်လုပ်ရေး၊ ကျောက်စီနံရံများအား ခိုင်မာစွာပြုလုပ်ရေးတို့ကို ဆွေးနွေး မှာကြားသည်။

ယင်းနောက်မိုင်တိုင်အမှတ် (၂၇/၀)ရှိ ဇူလိုင်လ တတိယအပတ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပေ ၉၀၀ ရှည် ဒါးလက်ချောင်းတံတားမှ ရေလယ်တိုင် အမှတ် (P7) လဲကျ၍ ဘေလီသံပေါင် ၁၃ လက်မခန့် ညွှတ်ကျမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမ်းမြို့နယ် အဆောက်အအုံအထူးအဖွဲ့(၇)အစည်းအဝေးခန်းမ၌ အဆောက်အအုံအထူးအဖွဲ့(၇)၊ လေယာဉ်ကွင်းအထူးအဖွဲ့(၈)၊ တံတားအထူးအဖွဲ့(၁၀)၊ (၁၆)၊ ကျောက်ဖြူခရိုင် အင်ဂျင်နီယာရုံး၊ အမ်းမြို့နယ်အင်ဂျင်နီယာရုံးတို့မှ ဝန်ထမ်းများနှင့် လမ်းဖောက်လုပ်လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများအား တွေ့ဆုံရာ ကျောက်ဖြူခရိုင်အတွင်း လမ်း/ တံတားပျက်စီးမှုများအား ပြုပြင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ စနစ်တကျ စည်းကမ်းရှိစွာ နေထိုင်ရေး၊ ခရိုင်/မြို့နယ်များအလိုက် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး၊ လမ်း/တံတားများ၏ ကြံ့ခိုင်မှုများကို ကြပ်မတ်ဆောင်ရွက်သွားရေးနှင့် ကုမ္ပဏီများအနေဖြင့်လည်း လမ်း/တံတားများအား သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့သည်။

ထို့နောက် သယု(ပဲပဒုံ)တံတားကြီးကြံ့ခိုင်မှုကိုလည်းကောင်း၊ အမ်းမြို့နယ် အင်ဂျင်နီယာရုံး၌ ဝန်ထမ်းအင်အားအခြေအနေနှင့် ရုံးအဆောက်အအုံတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး

အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသား အဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ **(အောက်ပုံ)** ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် အငြိမ်းစားဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံဆေးပညာရှင် အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးမြင့်ကဆောင်ရွက်ပြီး တွဲဖက်သဘာပတိအဖြစ်ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ပြုံးကြည်က ဆောင်ရွက်သည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့မှ ဒေါက်တာစိုးသိန်းနှင့် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်တို့က ကျန်းမာရေးဆေးသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုစာတမ်းများကို ဖတ်ကြားတင်သွင်း ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အုပ်စုလေးစုခွဲ၍ ဖတ်ကြားတင်သွင်းသည့် စာတမ်းများအပေါ် ဝိုင်းဝန်းဆွေးနွေးကြပြီး ဆွေးနွေးချက်များကို အုပ်စုအလိုက် တာဝန်ရှိသူများက စုစည်းတင်ပြကြကာ စုစည်းတင်ပြချက်များအပေါ် တက်ရောက်လာကြသူများကလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိက အုပ်စုများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲ နံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်ကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန အငြိမ်းစား ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာမြဦးက ဆောင်ရွက်ပြီး တွဲဖက်သဘာပတိအဖြစ် ဆေးတက္ကသိုလ် (၂) ရန်ကုန်အငြိမ်းစားပါမောက္ခချုပ်ဒေါက်တာသန်းနုဆွေက ဆောင်ရွက်သည်။

ဖတ်ကြားတင်သွင်း

အစီအစဉ်အရ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းနှင့် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်တို့က ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုစာတမ်းများကို ဖတ်ကြား တင်သွင်း ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အုပ်စုများခွဲ၍ ဖတ်ကြားတင်သွင်းသည့် စာတမ်းများအပေါ် ဝိုင်းဝန်းဆွေးနွေးကြကာ အုပ်စုအလိုက် တာဝန်ရှိသူများက ဆွေးနွေးချက်များကို စုစည်းတင်ပြကြပြီး ဆွေးနွေးပွဲ တက်ရောက်လာကြသူများက စုစည်းတင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် သဘာပတိက အုပ်စုများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး ဒုတိယနေ့ အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၃၁ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ စုပေါင်း၍ ဇူလိုင် ၉ ရက်က စစ်မှုထမ်းဟောင်းလမ်း လမ်းဘေး ဝဲ၊ ယာ တစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို အမှုဆောင်အရာရှိ ဦးဟန်ရှိန်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကိုရီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးနှင့်အဖွဲ့ ဒုတိယဝန်ကြီး ဦးကျော်လွင်အား လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်အား ကိုရီးယားသမ္မတနိုင်ငံဆောက်လုပ်ရေး၊ ရေအရင်းအမြစ်မူဝါဒဝန်ကြီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးနှင့် ရေကြောင်းရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. CHUNG Nae Sam နှင့်အဖွဲ့သည် ဇူလိုင် ၂၈ ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး လမ်း/တံတားလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရေး ဟသ်ာတမြို့နယ်၌ ဟောပြော

ဟသ်ာတ ဇူလိုင် ၃၀

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ဟသ်ာတမြို့ နည်းပညာတက္ကသိုလ် လျှပ်စစ်စွမ်းအားဌာန လက်တွေ့အသုံးချခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ဟသ်ာတခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ဝင်းက လမ်းအသုံးပြုသူများလိုက်နာရန် စည်းကမ်းချက်များ၊ စက်ဘီးစီး၊ မော်တော်ဆိုင်ကယ်စီးသူများလိုက်နာရန် အချက်အလက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးစာအုပ်ပါ သရုပ်ပြပုံများ၊ ယာဉ်တိုက်မှုမှတ်တမ်းပုံများအားပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး **(အောက်ပုံ)** ဟသ်ာတခရိုင် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲအုပ်ထွန်းအောင်ချိုက ယာဉ်တိုက်မှု ပြစ်မှု၊ ပြစ်ဒဏ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ (၀၇၅)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

ပြင်ဦးလွင် ဇူလိုင် ၃၀

ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့နယ် မြေတိုင်းခန်းမ၌ ကျင်းပရာ ဟောပြောပွဲတွင် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဒေါ်အေးအေးမင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်တို့က အမှာစကားပြောကြားကြပြီး မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဒုတိယတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ ဦးစိန်ဝင်းမြင့်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောသည်။ ထို့နောက် ပြင်ဦးလွင်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်က ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုင်းရှူးမြို့နယ်ခန်းမရှေ့ မြေယာရှုခင်းအလှ ပြုပြင်ခြင်းကို ဇူလိုင် ၆ ရက်က အမှုဆောင်အရာရှိဦးအောင်စည်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမြင့်ကျော်သူတို့ ကြီးကြပ်လျက် အဖွဲ့ဝင်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကဗျာရွတ်ပြိုင်ပွဲ ဒဂုံမြို့သစ် (မြောက်ပိုင်း)၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

ဒဂုံမြို့သစ် (မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးက ပြိုင်ပွဲရည်ရွယ်ချက်များနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းရှိ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ရှစ်ဦးက ဗဟုသုတအကျိုးပြု ကဗျာများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ **(အောက်ပုံ)** မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးညွှန့်လှိုင်၊ ဦးမြဟန် (ရေကူးမြတ်လေးနောင်)၊ ဦးခင်မောင်မြင့် (မြေလတ် မောင်မြင့်သူ)၊ ဦးရဲမြင့် (လက်ထောက်ပညာရေးမှူး) တို့က အကဲဖြတ် အမှတ်ပေးကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပထမဆုရ မောင်ဖုန်းမြတ်ပိုင်ဦး အမက(၁၁)၊ ဒုတိယဆုရ မောင်ဖြိုးဟိန်းကျော်အမက(၁၈)၊ တတိယဆုရ မသက်မြတ်နိုး အမက(၂) နှင့် အထူးဆုငါးဆုကို အကဲဖြတ်ဒိုင်အဖွဲ့နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၁-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၄။ အဖွင့်သီချင်း
၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ဘော့စ်ဘောကြယ်ပွင့်များ** (အပိုင်း-၂၆) ဇာတ်သိမ်း
၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခဏတာကွန်းခိုရာ**
၁၂:၃၀ ၈။ ကျန်းမာသုတ
၁၂:၄၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၃)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၂ ၃။ နိုင်ငံတော်သီချင်း
၄:၀၃ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၄:၂၀ ၇။ လျှပ်တစ်ပြက်
၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၄၅ ၉။ မြန်မာ့ရှုခင်း
၅:၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ **ဘဝကြေးမုံ(၇ ရက်တစ္ဆေ)** အကယ်ဒမီမိုးဒီ၊အကယ်ဒမီ ခင်မို့မို့အေးနှင့်သရုပ်ဆောင်များ ဒါရိုက်တာ-ဆဲဗင်း (အိုင်စီ)
၆:၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့တမ်းတခြင်း** (အပိုင်း-၁၀)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၂။ ပဟေဠိနန်းတော်
၂၃။ ကျန်းမာသုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း-၂၅)
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၆၉)

မြန်မာ့အလင်း သတင်းအတိုအထွာ ၃၀-၇-၂၀၁၁

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရွှေတောင်၌ ကျင်းပ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၇ ရက် နံနက်က အထက ရွှေတောင်ကျောင်းဝင်းအတွင်း ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့်နှင့် ဦးထွန်းထွန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးထွန်းထွန်းနိုင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး၊ အထက ရွှေတောင်ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ယူကလစ်နှင့် အခြားအရိပ်ရပင် စုစုပေါင်း ၁၁၂၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ သာစည်၌ကျင်းပ

သာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက် နံနက်က သာစည်မြို့ သပြေဝကားလမ်းဘေးဝဲယာတွင် ကျင်းပရာ မိတ္ထီလာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းထွန်းတို့က သတ်မှတ်နေရာအသီးသီးတွင် ကုက္ကို၊ တမာ၊ မဲဇလီ၊ ဖျောက်ဆိပ်၊ စိန်ပန်းကြီးနှင့် ယူကလစ်ပင်စသည့် ပျိုးပင်ပေါင်း ၁၅၂၅ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (၀၀၂)

တောင်တွင်းကြီး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အထက(၁) ပေလေးပင်ခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ တိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းနှင့် ခရိုင်ဦးစီးဌာနမှူးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၃၂ကတ်ကိုပေးအပ်ရာ ကျောင်းသားကျောင်းသူများကိုယ်စား အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးအောင်က လက်ခံရယူသည်။ အလားတူ ညနေ ၃နာရီတွင် အလက(၁) ရတနာဒေဝီကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီးဦးစီးဌာနမှူးနှင့် ခရိုင်ဦးစီးဌာနမှူးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၆၃ကတ်ကို ကျောင်းသားကျောင်းသူများကိုယ်စား ဆရာမ ဒေါ်လှလှပြုံးနှင့် ဒေါ်ခင်မာဦးတို့ထံ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (၁၁၇)

ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်း ကျိုက်လတ်၌သရုပ်ပြ

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် လှည်းဆိပ်စံပြကျေးရွာရှိ တောင်သူ ဦးမြတ်သိန်းထွန်း၏ စံကွက်တွင် ဇူလိုင် ၇ ရက်က ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်းသရုပ်ပြပွဲကျင်းပရာ မြို့နယ်မန်နေဂျာ ဦးမျိုးခန့်ကသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄) ချက်ကို တောင်သူများအား ရှင်းလင်းပြောကြားပြီးနောက် လက်တွေ့စိုက်ပျိုးပြသခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မိုင်းဆတ်၌အသိပညာပေး

ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဇူလိုင် ၂၈ ရက် နံနက်တွင် မိုင်းဆတ်ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးညွန့်ဝင်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင်စိုးတို့ ဦးဆောင်သည့် ဝန်ထမ်းများသည် မိုင်းဆတ်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် သတိပြုရမည့်အချက်များ၊ ဆောင်ရန်နှင့် ရှောင်ရန်နည်းလမ်းများပါဝင်သော အသိပညာပေးလက်ကမ်းစာစောင်များကို ဌာနဆိုင်ရာရုံးများ၊ ကျောင်းများ၊ လူစည်ကားရာ ဈေးများ၊ ရပ်ကွက်နှင့်ကျေးရွာများတွင် ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ကျေးရွာပိုင်သစ်တောစိုက်ခင်း ပဲခူးမြို့နယ်၌တည်ထောင်

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်သစ်တောဦးစီးဌာန၏ ၂၀၁၁ ခုနှစ် ကျေးလက်အိမ်ရာထူထောင်ရေးနှင့် ကျေးရွာပိုင်သစ်တောစိုက်ခင်းတည်ထောင်ခြင်းစီမံချက်အရ ကျေးရွာပိုင်ယူကလစ်စိုက်ခင်း တစ်ဧကစိုက်ပျိုးခြင်းကို ဇွန် ၁၉ ရက်က ပဲခူးမြို့နယ် ထန်းတောကြီးကျေးရွာတွင် ကျင်းပရာ ပဲခူးခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူ၊ ဦးစီးအရာရှိ ဦးမျိုးလွင်နှင့် သစ်တောဝန်ထမ်းများ၊ ထန်းတောကြီးကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာသူ ကျေးရွာသားများက ယူကလစ်ပျိုးပင် ၅၄၀ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ငွေချည်(၆) ဝါစိုက်ပျိုးရေး ကန့်ဘလူ၌ပညာပေး

ဝါနှင့် ပိုးချည်လုပ်ငန်း (ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးတင်ထွန်း၊ တိုင်းဒေသကြီး ဝယ်ယူရေးတာဝန်ခံ ဦးတင်ဌေး၊ ခရိုင်မန်နေဂျာ ဦးအေးသန့်နှင့် မြို့နယ်မန်နေဂျာ ဦးတင့်ဆွေတို့သည် ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်က ကန့်ဘလူမြို့နယ် ရှမ်းတပ်၊ စန္ဒရားနှင့် နက်ပေကျေးရွာများမှ ငွေချည်(၆) ဝါစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ဝါအထွက်တိုးနည်းပညာများနှင့်အညီ လိုက်နာဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ငါးသယံဇာတထိန်းသိမ်းရေး ဒေးဒရဲ၌ ဟောပြော

ငါးသယံဇာတထိန်းသိမ်းရေးဟောပြောပွဲကို ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်ရှိ တော်ချိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၁၃ ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းထိုက်က အင်းလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့်တွေ့ဆုံ၍ ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးမျိုးများ ပြုန်းတီးမှုမှ ကာကွယ်ရေး၊ ငါးရစ်ငါးသန်ကာလကျရောက်ချိန်တွင် ငါးမဖမ်းဆီးရေး၊ ဘတ်ထရီရှော့ခ်တိုက် ငါးဖမ်းခြင်း၊ ဓာတုဆေးဝါးပိုးသတ်ဆေးများဖြင့် ငါးဖမ်းဆီးခြင်းမပြုလုပ်ရေး၊ အရွယ်မမီသည့် ကဏန်း၊ ငါးရှဉ့်များ ဖမ်းဆီးခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းမပြုရေးတို့ကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်ငါးလုပ်ငန်းဦးစီး)

ဆန်စပါးဖွံ့ဖြိုးတိုးတက်ရန် မျိုးကောင်းမျိုးသန့်များစိုက်ပျိုး သိပ္ပံနည်းကျ စိုက်နည်းစနစ်များ မှန်ကန်စွာအသုံးပြု

နေပြည်တော် ဇူလိုင် ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ ကန်တော်ကြီး တောင်သူပညာပေး မျိုးသန့် မျိုးစေ့ထုတ် စိုက်ကွင်း၌ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားပြီး သိပ္ပံနည်းကျစိုက်စနစ်ဖြင့် စိုက်ပျိုးထားသည့် စပါးစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ရှိ ဆန်စပါးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ရခိုင်ပြည်နယ် စိုက်ပျိုးရေးမန်နေဂျာက ပြည်နယ်၏ မိုးစပါးလျာထားစိုက်ဧက ၁၂၇၅၀၀၀ ကျော်အနက် ၉၀ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးမှုနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုတို့ကို တင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဆန်စပါးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများပူးပေါင်း၍ အကောင်အထည်ဖော်မှုများနှင့် နေပြည်တော်သို့ စေလွှတ်၍ စံပြစပါးစိုက်ခင်းများအား လေ့လာရေးဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်သည် မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝသော ပြည်နယ်ဖြစ်သည့်အားလျော်စွာ ဆန်စပါးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းအားဖြင့် မိမိတို့လယ်သမားများ ဝင်ငွေတိုးတက်ရရှိပြီး လူမှုစီးပွားဘဝအဘက်ဘက်က တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ဆန်စပါး ဖွံ့ဖြိုးတိုးတက်ရန်အတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပြောင်းလဲရန်လိုအပ်ခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို မှန်ကန်စွာ အသုံးပြုရန်လိုအပ်ခြင်း၊ အရည်အသွေး ကောင်းမွန်သော ဆန်စပါးများကို စနစ်တကျကြိတ်ခွဲပြီး ဈေးကောင်းရအောင် ဈေးကွက်ခိုင်မာစေခြင်း စသည်တို့နှင့် စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် ဆန်စပါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေး အလားအလာကောင်းများအပေါ် မိမိတို့ဝန်ကြီးဌာနက အစွမ်းကုန်ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် ပြည်နယ်ရှိ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဆန်စပါးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ စိတ်တူကိုယ်တူဆန္ဒတူဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းလုပ်ဆောင် အကောင်အထည်ဖော်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဝန်ထမ်းများ၊ လယ်ယာကုန်ထုတ်အသင်းများမှ အဖွဲ့ဝင်များ၊ စစ်တွေ၊ ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့မှ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့ စစ်တွေမြို့ရှိ ကန်တော်ကြီး တောင်သူပညာပေး မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်း၌ ပေါင်စနစ်ဖြင့် သိပ္ပံနည်းကျ ပျိုးထောင်စိုက်ပျိုးထားသည့် စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

ဘားအံမြို့ ရေဘေးသင့်ပြည်သူများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

ထောက်ပံ့ပစ္စည်းများ လှူဒါန်း

နေပြည်တော် ဇူလိုင် ၃၀

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းသည် ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အထိ သံလွင်မြစ်ရေကြီးမှုကြောင့် အရေးပေါ်ဖွင့်လှစ်ထားရှိသည့် ရေဘေးကယ်ဆယ်ရေး စခန်းများ၌ ယာယီတည်းခိုနေသည့် ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ကြည့်ရှု

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ဇူလိုင် ၂၁ ရက်တွင် ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြကြေးမုံကျောင်းဆောင်၌ ဖွင့်လှစ်ထားသည့် အရေးပေါ် ရေဘေးယာယီကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းထောက်ပံ့ပေးသည်။ ဆက်လက်၍ ရွှေယဉ်မျှော်ပြည်တော် ဇေတီရင်ပြင်ပေါ်နှင့် ပြည်နယ်မိုးလုံလေလုံ အားကစားရုံ၊ အမှတ် (၆)နှင့် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်း၊ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းနှင့် ပရဟိတကျောင်းတို့တွင် ဖွင့်လှစ်ထားသည့် အရေးပေါ် ရေဘေးယာယီကယ်ဆယ်ရေး စခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ကယ်ဆယ်ရေးစခန်း (၇)ခုရှိ အိမ်ထောင်စု ၆၃၅ စု၊ ရေဘေးသင့်ပြည်သူ ၃၂၆၃ ဦးတို့အား စားသောက်နေထိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင် ပြည်သူများက ဆန် ၂၅၇ အိတ်၊ ဆီပိဿာ ၃၀၊ ခေါက်ဆွဲခြောက်ထုပ် ၈၅၈၀၊ ကြက်ဥအလုံး ၁၃၆၀၀၊ ပဲဝါခြမ်း ၈၃ ပိဿာ၊ အာလူး ၅၈ ပိဿာ၊ ကြက်သွန်နီပိဿာ ၅၀ နှင့် ငါးသေတ္တာဘူး ၆၀၀ တို့ကို ထောက်ပံ့ခဲ့သည်။

ဖြန့်ဝေပေး

သံလွင်မြစ် ရေကြီးမှုကြောင့် ရပ်ကွက်များအတွင်း ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာ မူလတန်း၊ အလယ်တန်းကျောင်းသား ကျောင်းသူများ သွားလာရေးခက်ခဲသဖြင့် ကျောင်းများ ယာယီပိတ်ထားခဲ့ရာ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှု မပျက်ကွက်စေရေး ပြည်နယ်ပညာရေးဌာန အစီအစဉ်ဖြင့် ယာယီရေဘေး ကယ်ဆယ်ရေးစခန်းများမှ ကလေးများအား ဆရာ ဆရာမများက စာသင်ကြားပေးမှုများ ဆောင်ရွက်ခဲ့သည်။ အလားတူ ဝမ်းရောဂါမဖြစ်ပွားစေရေး သန့်ရှင်းသော သောက်သုံးရေများ ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ပညာပေး ဗီဒီယို/ရုပ်ရှင် ဇာတ်ကားများ ပြသပေးခြင်း၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများအား ပြုလုပ်ပေးခြင်းတို့ကို ရေဘေးယာယီ ကယ်ဆယ်ရေးစခန်းတိုင်းတွင် ဆောင်ရွက်ပေးခဲ့ကြသည်။

ထောက်ပံ့

ဇူလိုင် ၂၇ ရက်တွင် သံလွင်မြစ်ရေ ပြန်လည်ကျဆင်းသွားပြီး မိမိတို့ရပ်ကွက် နေအိမ်များသို့ ပြန်လည်နေထိုင်ကြပြီဖြစ်ရာ ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ရေဘေးသင့်ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် အိမ်ထောင်စုတိုင်းအား နှစ်ရက်စာ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်ထုပ်၊ အာလူး၊ ကြက်သွန်များ ထောက်ပံ့ပေးခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်သမဝါယမဦးစီးဌာနတို့က ချေးငွေများ ထုတ်ချေးပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၃၀

၁၅ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၂)၊ အမှတ် (၃၀)ကို ဇူလိုင် ၂၉ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် ပရိသတ်များအတွက် ESPN နှင့် Star Sports ရုပ်သံလိုင်းများ၌ တိုက်ရိုက်ပြသမည့် ဥရောပဘောလုံးရာသီ၏ ပွဲကြိုသုံးသပ်ချက်များ၊ Star Movies ရုပ်သံလိုင်းတွင် စိတ်လှုပ်ရှားဖွယ်ဇာတ်ကားကောင်းဖြစ်သည့် Resident Evil ၏ နောက်ဆုံးဇာတ်ကားအပါအဝင် Damien; Omen II ၊ Gamer စသည့် အမျိုးအစားစုံလင်သည့် ဇာတ်ကားကောင်းများ၊ Channel V ရုပ်သံလိုင်းတွင်ကြည့်ရမည့် ဂီတအစီအစဉ်ကောင်းများ၊ TLC ရုပ်သံလိုင်းတွင်ပြသမည့် အိမ်ရှင်မများအကြိုက် အချက်အပြုတ် အစီအစဉ်ကောင်းများ၊ Animal Planet ရုပ်သံလိုင်းတွင် ကြည့်ရမည့် တိရစ္ဆာန်များ၏ သဘာဝအလေ့အထများနှင့် ထူးဆန်းသည့် အကြောင်းအရာများ၊ မြန်မာစာတန်းထိုးဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းမှ အစီအစဉ်ကောင်းများ၊ MRTV-4 ရုပ်သံလိုင်းတွင်ကြည့်ရမည့် MRTV-4 (၇)နှစ်ပြည့်အမှတ်တရ Live Show အစီအစဉ်၊ MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် For Info, For Sports, For Edu, For Choice စသည့် Digital Channel များ၏ ပြသနေသည့် အစီအစဉ်များ၊ ရုပ်သံလိုင်းအားလုံး၏ ဩဂုတ် ၁ရက်မှ ၁၅ရက်အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ဩဂုတ် ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များပါဝင်သည်။

မှာယူနိုင်

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆သို့ မှာယူနိုင်သည်ဟု သိရသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး သဃ်န်းကျွန်း၌ ဆောင်ရွက်

သဃ်န်းကျွန်း ဇူလိုင် ၃၀

သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်ပြည်သူများ ကျန်းမာရေးအထောက်အကူဖြစ်စေရန် ရပ်ကွက်တွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ကြီးပွားရေးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးကို ဦးဆောင်သော ရပ်ကွက်သားများ၊ မြို့နယ်အရန်မီးသတ်ဒုတိယတပ်ရင်းမှူး ခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်းလျက် ဇူလိုင် ၂၄ ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမက(၂၁) ကျောင်းဝင်းပြင်ပ မျက်နှာစာ တစ်လျှောက်နှင့် ဘုရင့်နောင်လမ်းမကြီး တစ်လျှောက်ရှိ ချုံနွယ်သစ်ပင်များနှင့် ရေနုတ်မြောင်းများအား စုပေါင်း ဆယ်ယူ ရှင်းလင်းခဲ့ကြကြောင်း သိရှိရသည်။ **(၀၂၅)**

ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင် မြေယာရှင်း အလှပြုပြင်ခြင်းကို ဇူလိုင် ၂၃ ရက်က အမှုဆောင်အရာရှိ ဦးရဲဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ၌ ပါဝင်ကူညီ

နေပြည်တော် ဇူလိုင် ၃၀

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် သည် ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ရှိ မြို့နယ်မီးသတ် ဦးစီးဌာနမှူးရုံးကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများသည် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် မျက်ခြည်မပြတ် အစဉ်ဦးတည် လုပ်ဆောင်သွားကြရန်၊ သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များတွင်လည်း စီမံချက်ပါအတိုင်း အမြဲအသင့်ဖြစ်နေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့် မိန့်ခွန်းများကို လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာဆောင်ရွက်သွားရန်တို့ကို မှာကြားကာ ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သံတွဲမြို့ မေတ္တာဝတီ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ ဘိုးဘွားများအား တွေ့ဆုံဂါရဝပြုပြီး ဘိုးဘွားရိပ်သာအတွက် ဆန်ဖိုးထောက်ပံ့ငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

ကူညီဆောင်ရွက်

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းတွင် အမ်းမြို့ မြို့နယ်ခန်းမ၌ မြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရေး၊ လုပ်ငန်းစီမံချက်များပြုစုရေး ဆွဲဆောင်ရွက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပြီး အလုပ်အကိုင်များ ပိုမိုရရှိအောင် ဆောင်ရွက်ပေးရေး၊ ပြည်သူလူထုအား ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု အကူအညီများပေးခြင်း၊ ကလေးသူငယ်များအား ပြုစုပျိုးထောင်ခြင်း၊ သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းတို့ဖြင့် နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားပြီး ဝန်ထမ်းမိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အမ်းမြို့နယ် အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး အမ်းမြို့နယ်မီးသတ်စခန်း၌ မီးသတ်မော်တော်ယာဉ်များ ကြံ့ခိုင်မှုနှင့် ကယ်ဆယ်ရှာဖွေရေး အထောက်အကူပစ္စည်းများ အသင့်စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ပြည်နယ်မီးသတ်စခန်း၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ပြည်နယ်မီးသတ်စခန်း၏ လူအသင့်ဖြစ်မှု၊ ယာဉ်အသင့်ဖြစ်မှု၊ ရေအသင့်ဖြစ်မှုနှင့် သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဂါရဝပြု

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ မူလတန်းကြို ကျောင်းကိုလည်းကောင်း၊ ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံးကို လည်းကောင်း သွားရောက်စစ်ဆေးခဲ့ပြီး စစ်တွေမြို့ ဘိုးဘွားရိပ်သာတွင် ဘိုးဘွားများအား တွေ့ဆုံဂါရဝပြု၍ ဆန်ဖိုးထောက်ပံ့ငွေကျပ် ၂၅၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် သံတွဲမြို့ မေတ္တာဝတီ ဘိုးဘွားရိပ်သာအတွက် ဆန်ဖိုးထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

၂၀၁၁ ခုနှစ် မတ်လက ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးများရရှိအောင် သင်ကြားပို့ချခဲ့ကြသည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီးဒေါ်သက်သက်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၂၆ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၂၇ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၆၆ ဦး စုစုပေါင်း ဂုဏ်ထူးဖြင့် အောင်မြင်သူ ကျောင်းသား ကျောင်းသူ ၁၆၀ နှင့် ဂုဏ်ထူးများရရှိအောင် သင်ကြားပို့ချခဲ့ကြသည့် ဆရာမ ၁၃ ဦးတို့အား ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်တို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများက စုပေါင်း၍ အခြေခံပညာ အထက်တန်းကျောင်း လေးကျောင်းအတွက် ငွေကျပ် ၂၁၆၇၂၀၀ တန်ဖိုးရှိ ကွန်ပျူတာ ပရင်တာအပါအဝင် Multimedia အခန်းသုံး Accessories လေးစုံကို အလှူရှင်များကိုယ်စား Panta Power အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မြင့်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။**(သတင်းစဉ်)**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၃၀

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၀	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၂	ကယားပြည်နယ်	၃၂	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၃	ကရင်ပြည်နယ်	၃၀	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၄	ချင်းပြည်နယ်	၂၅	၁၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၇	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၇	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်(နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၁	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၆	၂၇	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၂	၂၇	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၁	မွန်ပြည်နယ်	၃၁	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်(နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၈	၂၀	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၂	၂၀	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၅	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၂	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၆	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၇	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက် မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် မောင်တောမြို့ဝင် တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘူးသီးတောင်-မောင်တောလမ်း ဘေလီတံတားများ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်မှုမရှိစေရေးပြင်ဆင်

နေပြည်တော် ဇူလိုင် ၃၀

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောလမ်း မိုင်တိုင်အမှတ် (၆/၃၊ ၆/၄နှင့် ၆/၅)တို့ အတွင်းရှိ ဘေလီတံတားများ ပျက်စီးမှုနှင့် ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်မှု ပြတ်တောက်မှုမရှိစေရေးအတွက် စက်ယန္တရားများဖြင့် တံတားပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မိုင်တိုင်အမှတ် (၆/၇ နှင့် ၇/၀) အကြား ရေတိုက်စားသဖြင့် ရေထုတ်ပြွန် ပိတ်ဆို့၍ လမ်းရေကျော်ကာလမ်း နှုတ်ခမ်းသား ပဲ့ကျမှုကြောင့် သဲအိတ်များဖြင့် မြေထိန်းနံရံ ဆောင်ရွက်ထားမှု၊ မိုင်တိုင်အမှတ် (၇/၁ နှင့် ၇/၂) အကြားရှိ တံတားအမှတ် (၁၃/၇) ယာယီဘေလီတံတား၏ ကြံ့ခိုင်မှုနှင့် အသစ်တည်ဆောက်ရန် ဆောင်ရွက်ထားရှိမှု၊ မိုင်တိုင်အမှတ် (၇/၆ နှင့် ၇/၇) အကြားရှိ လိုဏ်ခေါင်းအတွင်း လမ်းပြုပြင်နေမှုနှင့် မိုင်တိုင်အမှတ် (၇/၇ နှင့် ၈/၀) အကြားရှိ တံတားအမှတ် (၁၆/၈) ၏ ကမ်းကပ်ခုံနှင့် မြေကာနံရံတည်ဆောက်နေမှုနှင့်မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း လမ်းရှိ တံတားအမှတ်(၁/၁)ချဉ်းကပ်လမ်း ရေတိုက်စားမှုကြောင့် ချဉ်းကပ်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဘူးသီးတောင်-မောင်တောလမ်း မိုင်တိုင်အမှတ် (၁၄/၃ နှင့် ၁၄/၄) အကြားရှိ မောင်တောမြို့ဝင်တံတား၊ တံတားအမှတ် (၁/၁၅)တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

အပင်စိုက် ကျင်းတူးရာမှာ မြေမျက်နှာပြင် (၂×၂)ပေပတ်လည် အကျယ်အဝန်းတူးပြီး မြေအနက်နှစ်ပေအထိ တူးပါတယ်။စိုက်ကျင်းအနက် အောက်ခြေမှာ(၁၅×၁၅) လက်မ ပတ်လည်အကျယ်အဝန်းထားပြီး ဖလားပုံစံတူးပါတယ်။ ကျင်းတူးတဲ့လုပ်ငန်းတွေကို မေလကုန်အပြီး တူးခဲ့ပါတယ်။ ဇွန်လထဲမှာ အပြီးစိုက်ပျိုးခဲ့ပါတယ်။ စိုက်ကျင်းခံ အာဟာရအနေနဲ့ စိုက်ကျင်းတစ်ကျင်းမှာ ကြက်ချေးနို့ဆီဘူး ခြောက်ဘူး၊ တီစူပါခတ်မြေသြဇာ နို့ဆီဘူးတစ်ဘူးနဲ့ အပေါ်ယံမြေသားတို့ကို သမအောင် ရောမွှေပြီး ကျင်းရဲ့အောက်ခြေမှာ ထည့်ပေးခဲ့ပါတယ်။ အပင်တွေစိုက်ပျိုးပြီး တစ်ပတ်အကြာမှာ အကျော်ပင်(ခ)သစ်မွှေးပင်တွေအတွက် သီးသန့်ထုတ်လုပ်ထားတဲ့ မြေသြဇာတွေကို တစ်ပင်မှာ နှစ်အောင်စနှုန်းနဲ့ ကျွေးပါတယ်။ မြေသြဇာကျွေးရာမှာ အပင်အောက်ခြေမှ လေးလက်မအကွာမှာ နှစ်လက်မအကျယ် အပေါ်ယံပတ်လည် စက်ဝိုင်းပုံစံတူးဆွပြီး ကျွေးပါတယ်။ မိုးအကုန် အောက်တိုဘာလမှာ ထပ်မံကျွေးပါတယ်။ ဒုတိယမြောက်နှစ် မိုးဦးကာလ ဇူလိုင်လထဲမှာ အပင် အောက်ခြေမှ ခြောက်လက်မအကွာမှာ နှစ်လက်မအကျယ် စက်ဝိုင်းပုံစံ ထပ်မံတူးဆွပြီး မြေသြဇာ လေးအောင်စ ကျွေးပါတယ်။ မိုးနှောင်းကာလ အောက်တိုဘာလမှာ အပင်အောက်ခြေမှ ကိုးလက်မအကွာမှာ မြေသြဇာ ခြောက်အောင်စ ထပ်မံကျွေးပါတယ်။

ရှင်းလင်းပြောကြား

ယခုစိုက်ပျိုးထားတဲ့ အပင်တွေဟာ လာမယ့်နှစ်မှာ တတိယမြောက်နှစ်ဖြစ်တဲ့အတွက် အချိန်တိုအတွင်း သစ်မွှေးပင်ဆီခဲရနိုင်ပြီး အပင်တွေကို နည်းစနစ်ကျကျ အပေါက်ဖောက်ပြီး ဆေးရည်ကို ထိုးသွင်းပေးသွားမှာဖြစ်ပါတယ်။ ယခုလို အပင်အဆီခဲမယ့် ဆေးသွင်းပြီးပါက နောက်နှစ်နှစ်ခန့်အကြာမှာ အကျော်ပင် (ခ) သစ်မွှေးပင်တွေကို ခုတ်ယူထုတ်လုပ်သုံးစွဲနိုင်ပါပြီ” စသည်ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

အကျော်ပင်(ခ) သစ်မွှေးပင်များကို စနစ်တကျစိုက်ပျိုးပါက စိုက်ပျိုးချိန်မှ ထုတ်လုပ်ချိန်အထိ ငါးနှစ်တာကာလ ကြာမြင့်မည် ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်ဝင် သစ်မွှေးများ ရရှိနိုင်သည်ဟု သိရသည်။ ယနေ့ကမ္ဘာ့နိုင်ငံများတွင် သစ်မွှေးအဆီအနှစ်များဖြင့် အဖိုးတန်ရေမွှေးများ၊ အလှကုန်ပစ္စည်းများ၊ အဖိုးတန်ဆေးဝါးများ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ဈေးကွက်တွင် သစ်မွှေးအဆီ တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ ဈေးရှိပြီး အရည်အသွေးမီ သစ်မွှေး တစ်ကီလိုလျှင် အမေရိကန် ဒေါ်လာ ၁၀၀၀၀မှ ၂၀၀၀၀ အထိ ဈေးရှိသည်ဟု သိရသည်။

စိုက်ပျိုးသင့်

ယခုကဲ့သို့ ကမ္ဘာ့ဈေးကွက်တွင် ရောင်းပန်းလှပြီး ဈေးကောင်းနေသည့် အကျော်ပင် (ခ) သစ်မွှေးပင်များကို စိုက်ပျိုးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

31-7 (09).pmd 1 7/31/2011, 1:29 AM

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများ စနစ်တကျအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၃၀

၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ စနစ်တကျ အောင်မြင်စွာ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အသင်းအုပ်ချုပ်သူများအနေဖြင့် မိမိအသင်းနှင့် မိမိပရိသတ်များအား စည်းကမ်းရှိရှိ စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရေး၊ ဒိုင်လူကြီးများအနေဖြင့်လည်း ဥပဒေနှင့်အညီ တရားမျှတစွာ ဆောင်ရွက်သွားကြရေး ဆွေးနွေးမှာကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက ပြိုင်ပွဲဥပဒေများနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းဆွေးနွေးကြသည်။

အတည်ပြု

ထို့နောက် ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအတွက် အုပ်စုလေးစုကို မဲနှိုက်ကြပြီး ပွဲစဉ်များနှင့် ပတ်သက်၍ ဆွေးနွေး အတည်ပြုကြကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယှဉ်ပြိုင်ကစားမည်

ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဩဂုတ်၁ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ အမှတ်(၂)နေပြည်တော်အားကစားကွင်းတွင် (ကက)အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေးအားကစားကွင်းတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်များ ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

၂၀၁၀-၂၀၁၁ ခုနှစ် ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်များရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၉ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်ရေကူးကန်၌ ကျင်းပသည်။

ယှဉ်ပြိုင်

ဗိုလ်လုပွဲတွင် အမျိုးသား/အမျိုးသမီး မီတာ ၅၀၊ မီတာ ၁၀၀ ပက်လက်ကူး၊ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူးနှင့် အလွတ်ကူးတို့တွင် အားကစားသမားများ အကြိတ်အနယ် ယှဉ်ပြိုင်ကြသည်။

ဆုများချီးမြှင့်

အစီအစဉ်အရ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ရေကူးပြိုင်ပွဲအား ပံ့ပိုးကူညီသော အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများအသီးသီးပေးအပ်ပြီး ပါမောက္ခချုပ်များ၊ တာဝန်ခံပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများက အမျိုးသား၊ အမျိုးသမီး မီတာ ၅၀ နှင့် မီတာ ၁၀၀ ပက်လက်ကူး၊ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူးနှင့် အလွတ်ကူးတို့တွင် အတန်းလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုများရရှိကြသော အားကစားသမားများအား ဆုများချီးမြှင့်ကြသည်။

ထို့နောက် ပွဲစဉ်တစ်လျှောက် အမျိုးသားပြိုင်ပွဲ၌ အကောင်းဆုံးဆုကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ မောင်သီဟအောင်နှင့် အမျိုးသမီးပြိုင်ပွဲ၌ အကောင်းဆုံးဆုကို ဒဂုံတက္ကသိုလ်မှ မအိအိသက်တို့ကရရှိကြပြီး ရမှတ် ၃၃ မှတ်ဖြင့် တတိယဆုရ ပုသိမ်တက္ကသိုလ်အသင်း၊ ရမှတ် ၈၄ မှတ်ဖြင့် ဒုတိယဆုရ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်အသင်း၊ ရမှတ် ၈၇ မှတ်ဖြင့် ပထမဆုရရှိသွားသော ဒဂုံတက္ကသိုလ်အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုနှင့်ငွေသားဆုတို့ကို အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဌေးက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ ။

(ဝဲပုံ) (မြန်မာ့အလင်း)

သတင်းမှတ်စုနှင့် ဓာတ်ပုံ တင်စိုး(မြန်မာ့အလင်း)

၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ

ဒုတိယအဆင့် အုပ်စုပတ်လည် ပွဲစဉ်ဇယား

နေ့စဉ်ပြိုင်ပွဲစတင်ချိန် (၁၆း၀၀)နာရီ

(ကက) အုပ်စု	(ခခ) အုပ်စု	(ဂဂ) အုပ်စု	(ဃဃ) အုပ်စု
၁။ ဆောက်လုပ်ရေး	၁။ ဟိုတယ်/ခရီး	၁။ ဘဏ္ဍာ/အခွန်	၁။ အမှတ်(၂)လျှပ်စစ်
၂။ ဆက်သွယ်ရေး	၂။ လယ်/ဆည်	၂။ အလုပ်သမား	၂။ လူမှုဝန်ထမ်း
၃။ မွေး/ရေ	၃။ သစ်တော	၃။ အားကစား	၃။ သတ္တုတွင်း
၄။ ပို့ဆောင်ရေး	၄။ စီးပွား/ကူးသန်း	၄။ ကာကွယ်ရေး	၄။ ပြည်ထဲရေး

ပွဲစဉ်	ရက်စွဲ	အုပ်စု	ယှဉ်ပြိုင်ကစားမည့်အသင်း			ကစားကွင်း
၄၉။	၁-၈-၂၀၁၁	ကက	၁။ ဆောက်လုပ်ရေး	နှင့်	၄။ ပို့ဆောင်ရေး	နေပြည်တော်ကွင်း(၂)
၅၀။	(တနင်္လာနေ့)	။	၂။ ဆက်သွယ်ရေး	။	၃။ မွေး/ရေ	လယ်ဝေးကွင်း
၅၁။	၂-၈-၂၀၁၁	ခခ	၁။ ဟိုတယ်/ခရီး	။	၄။ စီးပွား/ကူးသန်း	နေပြည်တော်ကွင်း(၂)
၅၂။	(အင်္ဂါနေ့)	။	၂။ လယ်/ဆည်	။	၃။ သစ်တော	လယ်ဝေးကွင်း
၅၃။	၃-၈-၂၀၁၁	ဂဂ	၁။ ဘဏ္ဍာ/အခွန်	။	၄။ ကာကွယ်ရေး	နေပြည်တော်ကွင်း(၂)
၅၄။	(ဗုဒ္ဓဟူးနေ့)	။	၂။ အလုပ်သမား	။	၃။ အားကစား	လယ်ဝေးကွင်း
၅၅။	၄-၈-၂၀၁၁	ဃဃ	၁။ အမှတ်(၂)လျှပ်စစ်	။	၄။ ပြည်ထဲရေး	နေပြည်တော်ကွင်း(၂)
၅၆။	(ကြာသပတေးနေ့)	။	၂။ လူမှုဝန်ထမ်း	။	၃။ သတ္တုတွင်း	လယ်ဝေးကွင်း
၅၇။	၅-၈-၂၀၁၁	ကက	၁။ ဆောက်လုပ်ရေး	။	၃။ မွေး/ရေ	နေပြည်တော်ကွင်း(၂)
၅၈။	(သောကြာနေ့)	။	၄။ ပို့ဆောင်ရေး	။	၂။ ဆက်သွယ်ရေး	လယ်ဝေးကွင်း
၅၉။	၆-၈-၂၀၁၁	ခခ	၁။ ဟိုတယ်/ခရီး	။	၃။ သစ်တော	နေပြည်တော်ကွင်း(၂)
၆၀။	(စနေနေ့)	။	၄။ စီးပွား/ကူးသန်း	။	၂။ လယ်/ဆည်	လယ်ဝေးကွင်း
၇-၈-၂၀၁၁ ရက် (တနင်္ဂနွေနေ့) ပြိုင်ပွဲနားသည်။						
၆၁။	၈-၈-၂၀၁၁	ဂဂ	၁။ ဘဏ္ဍာ/အခွန်	နှင့်	၃။ အားကစား	နေပြည်တော်ကွင်း(၂)
၆၂။	(တနင်္လာနေ့)	။	၄။ ကာကွယ်ရေး	။	၂။ အလုပ်သမား	လယ်ဝေးကွင်း
၆၃။	၉-၈-၂၀၁၁	ဃဃ	၁။ အမှတ်(၂)လျှပ်စစ်	။	၃။ သတ္တုတွင်း	နေပြည်တော်ကွင်း(၂)
၆၄။	(အင်္ဂါနေ့)	။	၄။ ပြည်ထဲရေး	။	၂။ လူမှုဝန်ထမ်း	လယ်ဝေးကွင်း
၆၅။	၁၀-၈-၂၀၁၁	ကက	၁။ ဆောက်လုပ်ရေး	။	၂။ ဆက်သွယ်ရေး	နေပြည်တော်ကွင်း(၂)
၆၆။	(ဗုဒ္ဓဟူးနေ့)	။	၃။ မွေး/ရေ	။	၄။ ပို့ဆောင်ရေး	လယ်ဝေးကွင်း
၆၇။	၁၁-၈-၂၀၁၁	ခခ	၁။ ဟိုတယ်/ခရီး	။	၂။ လယ်/ဆည်	နေပြည်တော်ကွင်း(၂)
၆၈။	(ကြာသပတေးနေ့)	။	၃။ သစ်တော	။	၄။ စီးပွား/ကူးသန်း	လယ်ဝေးကွင်း
၆၉။	၁၂-၈-၂၀၁၁	ဂဂ	၁။ ဘဏ္ဍာ/အခွန်	။	၂။ အလုပ်သမား	နေပြည်တော်ကွင်း(၂)
၇၀။	(သောကြာနေ့)	။	၃။ အားကစား	။	၄။ ကာကွယ်ရေး	လယ်ဝေးကွင်း
၇၁။	၁၃-၈-၂၀၁၁	ဃဃ	၁။ အမှတ်(၂)လျှပ်စစ်	။	၂။ လူမှုဝန်ထမ်း	နေပြည်တော်ကွင်း(၂)
၇၂။	(စနေနေ့)	။	၃။ သတ္တုတွင်း	။	၄။ ပြည်ထဲရေး	လယ်ဝေးကွင်း

မြို့နယ်အုပ်ချုပ်ရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ တောင်ကြီးမြို့နယ်၌ကျင်းပ

တောင်ကြီး ဇူလိုင် ၃၀

တောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးဒိုင်း ရပ်ကွက်/ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ KBZ အိမ်ကွင်း၌ကျင်းပရာ ဘုရားဖြူရပ်ကွက်အသင်းက စိန်ပန်းရပ်ကွက်အသင်းကို ခြောက်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး တစ်ဦးချင်းဆု၊ အကောင်းဆုံး ဆုရသူများနှင့် အသနားရှင်းဆုံးဆုရ နောင်ကားကျေးရွာ ဘောလုံးအသင်းတို့ကို ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ညွှန့် (တော်ဝင်)နှင့် ကော်မတီဝင်များက ဆုပေးအပ်ချီးမြှင့်ခဲ့ပြီး ပထမဆုရ ဘုရားဖြူရပ်ကွက်အသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်က တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ် အား/ကာ)

ဆုချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ မြို့နယ်ပညာရေးမှူးဖလား အသက် ၁၀ နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ မူညွှန့်ပေါင်းအသင်းအား မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းမြင့် ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

နိုင်ငံတကာဂီတ

အဆိုတော်ခရစ္စတီးနားနှင့် ဆီလီနာဂိုမက်ဇ် ALMA အနုပညာရှင်ဆု ဆွတ်ခူးရန် ရေပန်းစား

လော့စ်အိန်ဂျလိစ် ဇူလိုင် ၃၀

ကမ္ဘာကျော်အဆိုတော်များဖြစ်ကြတဲ့ ခရစ္စတီးနားအဂွီလီရာ (Christina Aguilera)နဲ့ ဆီလီနာဂိုမက်ဇ် (Selena Gomez) တို့ဟာ ALMA လို့ ခေါ်တဲ့ အနုပညာထူးချွန်ဆု ဆွတ်ခူးနိုင်မယ်လို့ တစ်ပြေးနေကြသူများ ဖြစ်ပါတယ်။ ဒီဆုဟာ အမေရိကမှာ ဂီတ၊ ရုပ်မြင်သံကြားနဲ့ ရုပ်ရှင်နယ်ပယ်သုံးရပ်မှာ ထူးချွန်အောင်မြင်ကြတဲ့သူတွေကို ဂုဏ်ပြုချီးမြှင့်တဲ့ အနုပညာရှင်ဆု ဖြစ်ပါတယ်။ ပြီးတော့ သူတို့နှစ်ဦးစလုံးဟာလည်း အမေရိကန်ဆယ်ကျော်သက်အဆိုတော်တွေထဲမှာ အောင်မြင်ကျော်ကြားတဲ့သူတွေပါ။

ရေပန်းစား

သူတို့နှစ်ဦးဟာ ALMA ဆု ရွေးချယ်ရေးအဖွဲ့က ဆုဆွတ်ခူးနိုင်တဲ့ ထိပ်တန်းအဆိုတော်များဖြစ်ကြောင်း ဇူလိုင် ၂၈ ရက်က ထုတ်ပြန်တဲ့ ဆန်ခါတင်စာရင်းမှာ ဖော်ပြထားပါတယ်။ အဂွီလီရာနဲ့ ဂိုမက်ဇ်တို့ဟာ ပြီးခဲ့တဲ့တစ်နှစ်တာအတွင်း ဂီတမှာရော ရုပ်သံဇာတ်လမ်းတွဲတွေမှာပါ လူသိများအောင်မြင်ခဲ့ကြသူများဖြစ်ပါတယ်။ ဒါကြောင့်လည်း သူတို့နှစ်ဦးစလုံးဟာ အမျိုးသမီး ဂီတထူးချွန်ဆုနဲ့ အမျိုးသမီးရုပ်သံ သရုပ်ဆောင်ထူးချွန်ဆုတွေ ဆွတ်ခူးနိုင်မယ်လို့ ရေပန်းစားနေကြပါတယ်။

ကမ္ဘာကျော်အဆိုတော် ခရစ္စတီးနားအဂွီလီရာ

အဆိုတော် ဆီလီနာဂိုမက်ဇ်

အဆိုတော် ခရစ္စတီးနား အဂွီလီရာဟာ Burlesque လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ အမျိုးသမီးဂီတထူးချွန်ဆု ဆွတ်ခူးနိုင်မယ်လို့ ရေပန်းစားနေပါတယ်။ ဒါ့အပြင် The Voice လို့ အမည်ရတဲ့ ရုပ်သံဇာတ်လမ်းတွဲနဲ့ အမျိုးသမီးသရုပ်ဆောင်ဆုဆွတ်ခူးနိုင်မယ်လို့ အနုပညာအသိုင်းအဝိုင်းက ပြောဆိုနေကြပါတယ်။

ဆီလီနာဂိုမက်ဇ်ကတော့ Monte Carlo တေးအယ်လ်ဘမ်နဲ့ အမျိုးသမီး ဂီတထူးချွန်ဆု ဆွတ်ခူးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ပြီးတော့ Wizards of Waverly Place ရုပ်သံဇာတ်လမ်းတွဲနဲ့ အကောင်းဆုံးရုပ်သံ သရုပ်ဆောင်ဆု မှန်းထားတယ်လို့ ဆိုပါတယ်။

ဆန္ဒပြုရွေးချယ်

အဂွီလီရာနဲ့ ဂိုမက်ဇ်တို့ဟာ ၂၀၁၀ ခုနှစ်အတွင်း အခြားသော ရုပ်သံဇာတ်လမ်းတွဲ အတော်များများမှာ ပါဝင်သရုပ်ဆောင်ခဲ့ကြသူတွေဖြစ်ပါတယ်။ ALMA ထူးချွန်ဆုတွေကို အွန်လိုင်းမှတစ်ဆင့် ပရိသတ်တွေရဲ့ ဆန္ဒပြုရွေးချယ်မှုနှင့်အတူ ALMA ဆုချီးမြှင့်ရေးအဖွဲ့က ဆုရွေးချယ်ပေးမယ်လို့ သိရပါတယ်။ ဒီဆုကိုတော့ လာမယ့် စက်တင်ဘာ ၁၆ ရက်၌ လော့စ်အိန်ဂျလိစ်မြို့မှာ ခမ်းနားကြီးကျယ်တဲ့ အခမ်းအနားနဲ့ ချီးမြှင့်သွားမယ်လို့ သိရပါတယ်။

ကိုးကား-အင်တာနက်

အေမီဝင်းဟောက်စ်၏ Back to Black အယ်လ်ဘမ် အရောင်းရဆုံးတေးအယ်လ်ဘမ်ဖြစ်လာ

မြင့်မောင်စိုး - စုစည်းသည်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၃၀

*ကမ္ဘာကျော်အဆိုတော် အေမီဝင်းဟောက်စ်(Amy Winehouse)**(အောက်ပုံ)**ရဲ့ Back to Black လို့အမည်ရတဲ့ တေးအယ်လ်ဘမ်ဟာ သူကွယ်လွန်ပြီးတဲ့နောက် ဆိုင်တွေပေါ်မှာ လက်ကျန်မရှိလောက်အောင် ရောင်းအားကောင်းခဲ့တယ်လို့ အမေရိကန် Billboard အရောင်းရဆုံး တေးအယ်လ်ဘမ်စာရင်းမှာ ဖော်ပြထားပါတယ်။*

ရောင်းချခဲ့

အသက် ၂၇ နှစ်အရွယ်သာရှိသေးတဲ့ ဗြိတိသျှအဆိုတော် အေမီဝင်းဟောက်စ်ဟာ ပြီးခဲ့တဲ့ ဇူလိုင် ၂၂ ရက်က လန်ဒန်မြို့နေအိမ်မှာ ရုတ်တရက်ကွယ်လွန်ခဲ့ပါပြီ။ သူကွယ်လွန်သွားပြီသိလို့ သူမရဲ့ ပရိသတ်တွေက ကမ္ဘာကျော် လူကြိုက်များခဲ့တဲ့ Back to Black တေးအယ်လ်ဘမ်ကို တစ်ခဲနက် ဝယ်ယူအားပေးကြပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ ၂၀၀၇ ခုနှစ်က အမေရိကန်နိုင်ငံမှာ ထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ်ပါ။ စုစုပေါင်းတေးအယ်လ်ဘမ် ၃ ဒသမ ၁ သန်း ကမ္ဘာတစ်ဝန်း ရောင်းချပြီးခဲ့ပါပြီ။ သူကွယ်လွန်ပြီး နောက်တစ်ရက်မှာတော့ ဒီတေးအယ်လ်ဘမ်ဟာ အမေရိကန်နိုင်ငံမှာ အရောင်းရဆုံးတေးအယ်လ်ဘမ်ဖြစ်ခဲ့ပြီး ဇူလိုင် ၂၃ ရက် တစ်ရက်တည်းမှာပဲ စုစုပေါင်း တေးအယ်လ်ဘမ် ၃၇၀၀၀ ရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။

ကိုးသိန်းရောင်းချ

ဒါ့အပြင်သူမရဲ့ Frank လို့ အမည်ရတဲ့တေးအယ်လ်ဘမ်ဟာ ရောင်းအားကောင်းတဲ့စာရင်းမှာ ပါဝင်ပါတယ်။ ဇူလိုင် ၂၃ ရက် တစ်ရက်တည်း အမေရိကန် Billboard စာရင်းမှာ အဲဒီအယ်လ်ဘမ်ဟာ စုစုပေါင်း ၇၆၀၀ အထိ ရောင်းချခဲ့ရပါတယ်။ ဒီအယ်လ်ဘမ်ဟာလည်း ကမ္ဘာကျော် လူကြိုက်များခဲ့တဲ့ တေးအယ်လ်ဘမ်ပါပဲ။ သူမ မကွယ်လွန်မီက စုစုပေါင်း ကမ္ဘာတစ်ဝန်းအယ်လ်ဘမ်အရေအတွက် ကိုးသိန်းရောင်းချခဲ့ပြီး ဖြစ်ကြောင်း သိရှိရပါတယ်။

ဆွတ်ခူးနိုင်

အေမီဝင်းဟောက်စ်ကွယ်လွန်သွားတဲ့အတွက် ကမ္ဘာ့ဂီတအသိုင်းအဝိုင်းက ယူကျုံးမရဖြစ်ခဲ့ရပါတယ်။ သူဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဂီတလောကမှာ အောင်မြင်ခဲ့တဲ့ အဆိုတော်တစ်ဦးပါ။ သူကွယ်လွန်ချိန်အထိ ဂရမ်မီဆု ငါးဆု အပါအဝင်စုစုပေါင်း ဂီတနဲ့ ပတ်သက်တဲ့ ဆုပေါင်း ၂၃ ဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။

လှုပ်ရှားအသက်ဝင်

အေမီဝင်းဟောက်စ်တစ်ယောက် မမျှော်လင့်ဘဲ သူချစ်တဲ့ပရိသတ်ကြီးကို ရုတ်တရက် နှုတ်ဆက်ခဲ့ပေမယ့် သူသီဆိုခဲ့တဲ့ပေ့ါပ်၊ ရော့ခ်တေးသွားတွေနဲ့ သူ့ရဲ့ ဆွဲဆောင်မှုအားကောင်းတဲ့ ပုံရိပ်တွေကတော့ လှုပ်ရှားအသက်ဝင်နေဦးမှာ ဖြစ်ပါတယ်။ ***ကိုးကား-အင်တာနက်***

နိုင်ငံတကာအားကစား

ယူ ၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝတွင် ဘရာဇီးနှင့်အီဂျစ်တို့ သရေပွဲဖြစ်

ဘိုဂိုတာ ဇူလိုင် ၃၀

၂၀၁၁ ခုနှစ် အသက် ၂၀ အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ကိုလံဘီယာနိုင်ငံ ဘာရင်ကွီလာမြို့ မက်ထရိုပိုလီတန်ကစားကွင်း၌ ဇူလိုင် ၂၉ ရက်က ကျင်းပရာ နိုင်ငံတကာမှ ဖိတ်ကြားထားသူများ၊ အားကစားသမားနှင့် အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပရိသတ်များ ၅၀၀၀၀ ခန့် တက်ရောက်အားပေးခဲ့ကြသည်။

ယူ ၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ကိုလံဘီယာနိုင်ငံ မြို့ကြီးရှစ်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။ ယင်းမြို့ကြီးများမှာ နာမီလီ၊ ဘိုဂိုတာ၊ မီဒယ်လ်လင်၊ ကာလီ၊ ဘာရင်ကွီလာ၊ ကာတာဂျီနာ၊ အာမေးနီးယားနှင့် မာနီဇာလက်စ်မြို့များ ဖြစ်ကြသည်။

ယှဉ်ပြိုင်ကစား

ယူ ၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အသင်း ၂၄ သင်းအား အုပ်စုခြောက်စုခွဲပြီး ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။ ဇူလိုင် ၂၉ ရက်က အဖွင့်ပွဲစဉ်အဖြစ် အုပ်စု (င)မှ ဩစတြီးယားနှင့် ပနားမားအသင်းတို့ ကိုလံဘီယာနိုင်ငံ ကာတာဂျီနာမြို့ ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ နှစ်သင်းစလုံးပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်သဖြင့် ဂိုးမရှိသရေပွဲဖြစ်ကာ တစ်မှတ်စီခွဲဝေယူခဲ့ကြရသည်။

ဒုတိယပွဲစဉ်အဖြစ် အုပ်စု(စ)မှ အင်္ဂလန်နှင့် မြောက်ကိုရီးယားအသင်းတို့ မီဒယ်လ်လင်မြို့ ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေပွဲဖြစ်သွားခဲ့သည်။ တတိယပွဲစဉ်အဖြစ် အုပ်စု(စ)မှ အာဂျင်တီးနားနှင့် မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကစားရာ အာဂျင်တီးနားက တစ်ဂိုး- ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ဇူလိုင် ၂၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သော အုပ်စု(င)မှ ဘရာဇီးနှင့် အီဂျစ်တို့ပွဲ(အပေါ်ပုံ)***တွင် တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။ ဘရာဇီးအတွက်ဂိုးကို ပွဲချိန် ၁၂ မိနစ်၌ ဒါနီလိုက ခေါင်းတိုက်သွင်းယူခဲ့ပြီး အီဂျစ်အတွက် ချေပဂိုးကို ပွဲချိန် ၅၆ မိနစ်၌ အိုဂါဘာက ဘရာဇီးနောက်ခံလူများဟန့်တားရာမှ လျှံထွက်လာသော ဘောလုံးကို ဂိုးဧရိယာအတွင်းမှ အပိုင်ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဇူလိုင် ၃၁ ရက်၌ အုပ်စု(ဂ)မှ ကော်စတာရီကာနှင့် စပိန်၊ ဩစတြေးလျနှင့် အီကွေဒေါအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။***

(အင်တာနက်)

တိုက်ဂါးဝုဒ် ကမ္ဘာ့အဆင့် ၂၀ သို့ ကျဆင်း

လန်ဒန် ဇူလိုင် ၃၀

ကမ္ဘာကျော် ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် ဇူလိုင်လအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ထုတ်ပြန်ချက်အရ အဆင့် ၂၀ သို့ ကျဆင်းသွားကြောင်း ကမ္ဘာ့ဂေါက်သီးအဖွဲ့ချုပ်က ဇူလိုင် ၃၀ ရက်၌ သတင်းထုတ်ပြန်သည်။

တိုက်ဂါးဝုဒ်၏ ယခုကမ္ဘာ့အဆင့်သည် ၁၉၉၇ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အဆင့် ၂၀ သို့ ကျဆင်းသွားခြင်းဖြစ်သည်။ ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမားဟောင်း တိုက်ဂါးဝုဒ်သည် ယခုနှစ် မေလ ၁၂ရက် ကတည်းက ဒူးဒဏ်ရာရရှိခဲ့သဖြင့် ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့ချေ။

သို့သော် မကြာမီကျင်းပမည့် ဒဗလျူဂျီစီ ဘရစ်စတုန်း ဖိတ်ခေါ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း တိုက်ဂါးဝုဒ်ကပြောကြားသည်။ ယင်းပွဲ၌ ပါဝင်ယှဉ်ပြိုင်မှုမှာ လာမည့် ဩဂုတ် ၁၁ ရက်၌ ကျင်းပမည့် ယူအက်စ်ပီဂျီအေ ချန်ပီယံရှစ်ပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ကြိုခိုင်မှုရှိမရှိစမ်းသပ်ခြင်းလည်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***(အင်တာနက်)***

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအတွက် ကွင်း သတ်မှတ်

မောင်မောင်မြင့်ဆွေ စုစည်းသည်

ရီယိုဒီဂျနေးရိုး ဇူလိုင် ၃၀

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ယင်းနှစ် ဇွန် ၁၂ ရက်မှ ဇူလိုင် ၁၃ ရက်အထိ ကျင်းပသွားရန် သတ်မှတ်လိုက်ကြောင်းနှင့် ရီယိုဒီဂျနေးရိုးမြို့မှ မာရာကာနာ ဘောလုံးကွင်း **(အောက်ပုံ)**၌ နောက်ဆုံးဗိုလ်လုပွဲကျင်းပသွားမည်ဟု ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အထွေထွေအတွင်းရေးမှူး ဂျီရိုမီဗာကီက ဇူလိုင် ၂၉ ရက်၌ ပြောကြားသည်။

ကျင်းပခဲ့

၎င်းဘောလုံးကွင်းသည် ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် ၁၉၅၀ ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကျင်းပခဲ့ရာကွင်းလည်း ဖြစ်သည်။ အိမ်ရှင်ဘရာဇီးနိုင်ငံသည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်ကို မည်သည့်မြို့ဘောလုံးကွင်း၌ ပြုလုပ်မည်ကို လာမည့်အောက်တိုဘာလ၌ အပြီး ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကျေနပ်ခဲ့

ကမ္ဘာ့ဖလားချန်ပီယံအဖြစ် ငါးကြိမ်ဆွတ်ခူးထားပြီးဖြစ်သော ဘရာဇီးသည် ၁၉၅၀ ခုနှစ်က ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားဘောလုံးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ ထိုနှစ်ပြိုင်ပွဲ၌ ဘရာဇီးတို့ နောက်ဆုံးဗိုလ်လုပွဲတွင် ဥရုဂွေး အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဘရာဇီးနိုင်ငံသည် ကွန်ဖက်ဒရေးရှင်းဖလားဘောလုံးပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဇွန် ၁၅ ရက်မှ ၃၀ ရက်အထိ လက်ခံကျင်းပရန်လည်း ရှိနေသည်။ **(အင်တာနက်)**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

ဝါးခယ်မ ဇူလိုင် ၃၀

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၆ ရက်က ဝါးခယ်မ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစောမြသိန်း၊ မြောင်းမြခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်၊ ခရိုင်အဆင့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများက ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

နေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုနှင့်အဖွဲ့ဝင်များ ပင်းတယမြို့နယ် ပွေးလှ ကျေးရွာတွင် ရေကန်ပတ်လမ်းဖောက် လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၁၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

မော်လမြိုင်ကျွန်း ဇူလိုင် ၃၀

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်မွေးမြူခြင်း အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ဖူထီကျေးရွာ လယ်ယာကုန်ထုတ် အသင်း လယ်ယာမြေ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်စိုး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ထိုင်းငါးခုံးမကြီးကောင်ရေ တစ်သိန်းကို စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့် မွေးမြူကြသည်။ **(အောက်ပုံ)**

ထို့အပြင် စပါးခင်းအတွင်းငါးမျိုးစိုက်ထည့်မွေးမြူခြင်းကို ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်း-ကျိုက်ပိ-မအူပင် မော်တော်ကားလမ်းဘေး ရေလိန်ကျေးရွာရှိ စပါးစိုက်ခင်းများ၌ ကျင်းပရာ ထိုင်းငါးခုံးမကြီးကောင်ရေ နှစ်သိန်းတို့ကို ငါးမျိုးစိုက်ထည့် မွေးမြူခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

3D Animation သင်တန်းများ သင်ကြားပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၃၀

နိုင်ငံတကာတွင် ကျောင်းသားလူငယ်များအကြား 3D နှင့် ပတ်သက်သော နည်းပညာများ ပိုမိုရေပန်းစားလျက်ရှိရာ 3D ကို အခြေခံ၍ ပြုလုပ်ထားသော ရုပ်ရှင်များ၊ ဂိမ်းများနှင့် အခြားသော 3D အသုံးချစီးပွားရေးနှင့် ရုံးသုံးဆိုင်ရာ ဖန်တီးတင်ဆက်မှုများသည် တစ်နေ့တခြား တိုးတက်လာလျက်ရှိသည်။

ဖန်တီးတင်ဆက်မှုများအား စိတ်ပါဝင်စားသော ကျောင်းသားလူငယ်များ အတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် 3D Animation များကို ကိုယ်တိုင်တီထွင်ဖန်တီးပြီး ကြော်ငြာ၊ ဗီဒီယို၊ ရုပ်ရှင်လုပ်ငန်းများတွင် ပြန်လည်အသုံးချနိုင်စေမည့် 3D Animation ဆိုင်ရာ သင်တန်းများကို ISO 9001; 2008 လက်မှတ်ရ KMD Computer Centre မှ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

3D နှင့် ပတ်သက်ပြီး Professional Animator တစ်ယောက်ဖြစ်ချင်သူများအတွက် လေ့လာထားသင့်သော Courses များလည်း ဖြစ်သည်။ ဖော်ပြပါသင်တန်းများတွင် 3D Animation in 3ds Max သင်တန်းမှာ သင်တန်းကာလ ၇၅ နာရီ၊ Poser (3D Human Figure Design & Animation) သင်တန်းမှာ သင်တန်းကာလ ၄၅ နာရီနှင့် 3D Animation in Maya သင်တန်းမှာ သင်တန်းကာလ ၇၅ နာရီတို့ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများ အနေဖြင့် သင်တန်းချိန်များကို နီးစပ်ရာ KMD Center များနှင့် ဖုန်း-၃၈၁၀၃၅၊ ၅၂၇၄၃၆၊ ၃၉၇၉၄၄၊ ၅၂၄၄၀၀၊ ၅၀၂၂၁၁၊ ၃၈၄ ၂၆၈၊ ၅၄၁၃၂၈၊ ၂၄၁၉၅၄၊ ၅၄၆၆၀၀ နှင့် ၆၆၀၈၈၇ တို့တွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

တစ်နိုင်တစ်ပိုင်ငါးမွေးမြူရေး ကန်ကြီးထောင့်၌ဆွေးနွေး

ကန်ကြီးထောင့် ဇူလိုင် ၃၀

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့နည်းရေးအတွက် တစ်နိုင်တစ်ပိုင်ငါးမွေးမြူရေးနှင့်ပတ်သက်၍ ဆွေးနွေးပွဲကို ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းက ဟင်းစားဖူလုံမှုအတွက် စပါးခင်းများသို့ ငါးထည့်မွေးမြူရေး၊ တစ်ပိုင်တစ်နိုင်ငါးမွေးကန်များအတွင်း နည်းစနစ်မှန်စွာ မွေးမြူရေးတို့နှင့် စပ်လျဉ်းပြီး ဟောပြော ဆွေးနွေးသည်။ **(အပေါ်ပုံ)** ဆွေးနွေးပွဲကို ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းလွင်၊ ကန်ကြီးထောင့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်နှင့် ငါးမွေးမြူသူဒေသခံများ တက်ရောက်ကြပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ငါးလုပ်ငန်းဦးစီး)

ကြို့ပင်ကောက်မြို့နယ် မြန်မာ့သစ်လုပ်ငန်း အမှတ်(၈၇)သစ်စက်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက်ကကျင်းပရာ မြို့နယ်သစ်စက်မန်နေဂျာ ဦးဝင်းစိန်၊ မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးခင်မောင်ဝင်းနှင့် သစ်စက်ဝန်ထမ်းများက ကျွန်းပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။

(၁၁၁)

တာမွေမြို့နယ် ကျောက်မြောင်း ဈေးလမ်း အမှတ်(၃၂)နေ ဦးချစ်စိုး-ဒေါ်မေမိုးဦး(Penny) က ဘွားဘွားဒေါ်ငွေသီအား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဒေါက်တာဦးလှမြင့်အောင် လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ဇူလိုင် ၃ရက်က ကွတ်ခိုင်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းနေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနန်းဖိန်းလှအောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း ရုပ်ရှင်အမြည်း ယခုသီတင်းပတ် မြန်မာဇာတ်ကားသစ် လာထားအာဘွား (၂) ရုံတင်ပြသ

ရန်ကုန် ဇူလိုင် ၃၀

ယခုသီတင်းပတ်ဇူလိုင် ၂၉ ရက် (သောကြာ)၌ ရန်ကုန်မြို့ရှိ သမ္မတ၊ သွင်နှင့်မင်္ဂလာရုံ၊ မန္တလေးမြို့၌ ဝင်းလိုက်နှင့်မြို့မရုံတို့တွင် မြန်မာဇာတ်ကားသစ် လာထားအာဘွား(၂) ရုပ်ရှင်ဇာတ်ကား ရုံတင်ပြသလျက်ရှိရာ မြန်မာရုပ်ရှင်ပရိသတ်အကြိုက်တွေ့စေမည့် ဇာတ်ကား ဖြစ်သည်။

လာထားအာဘွား(၂) ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ယင်းဇာတ်ကားကို ဒါရိုက်တာကိုဇော်(အရုဏ်ဦး)က တာဝန်ယူရိုက်ကူးပြီး နေရီမင်း၏ဝတ္ထုကို ကိုရွှေမိုးသက်ကဇာတ်ညွှန်းရေးဖွဲ့ထားခြင်းဖြစ်သည်။ အဓိက သရုပ်ဆောင်များအဖြစ် နေတိုး၊ ဝေဠုကျော်၊ မေတ္တာ၊ သက်မွန်မြင့်၊ အထူးသရုပ်ဆောင်နေဆန်းနှင့် စိုးမြတ်နန္ဒာတို့က ခေါင်းဆောင် ပါဝင်ထားကြသည်။

ဇာတ်လမ်းအမျိုးအစားမှာ အချစ် ပညာပေး ဟာသဇာတ်လမ်းဖြစ်ပြီး သူတစ်ပါး၏စည်းစိမ်ကို အချောင်ယူလိုသူများအတွက် ဇာတ်သိမ်းမလှပုံများကို ဟာသနှောပြီး ပညာပေးရိုက်ကူးထားခြင်းဖြစ်ရာ ပရိသတ်ပွဲကျစေမည့် ဇာတ်ကားကောင်း ဖြစ်သည်။

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရွှေ့ဆောင်ရုံတွင် Transformers Dark of the Moon ဇာတ်ကား ပြသလျက်ရှိသည်။ ယင်းဇာတ်ကားမှာ အာကာသသိပ္ပံဇာတ်လမ်းဖြစ်ပြီး လ၏အမှောင်ဘက်ခြမ်း၌ အာကာသယာဉ် တစ်စင်းပျက်ကျသွားမှုမှတစ်ဆင့် ကမ္ဘာ့လူသားများနှင့် ဂြိုဟ်သားတိုက်ခိုက်ကြပုံများကို ရင်သပ်ရှုမောဖွယ်ရာ ကြည့်ရှုခံစားရမည်ဖြစ်သည်။

နေပြည်တော်ရုံတွင် Harry Potter and the Deathly Hallows (Part -2) ဇာတ်ကားပြသလျက်ရှိသည်။ ကမ္ဘာကျော်ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲများမှ ဇာတ်လမ်းတစ်ခုဖြစ်ပြီး ထူးဆန်းသည့် တန်ခိုးရှင်များအကြောင်း ရိုက်ကူးထားရာ ပရိသတ်များအမြင်ဆန်းသစ်ကာ သည်းထိတ်ရင်ဖိုကြည့်ရှုရမည့်ဇာတ်ကားဖြစ်ပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေချင်

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ် အမှတ် (၁)ရပ်ကွက် သုမိတ္တာလမ်းမကြီး၏ ဝဲယာ ၁ လမ်းမှ ၂၅ လမ်းအတွင်းရှိ အချို့နေအိမ်များနှင့် ဆိုင်ခန်းများသည် ရေမြောင်းပေါ် စည်းကမ်းမဲ့ ကျူးကျော်ဆောက်လုပ်နေထိုင်ခြင်းကြောင့် ရေမြောင်းများ ပိတ်ဆို့ပြီး နောက်ဖေးလမ်းကြားမှရေများ လမ်းမကြီးပေါ်သို့ လျှံတက်နေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ သွားလာရေးခက်ခဲပြီး ကျန်းမာရေးထိခိုက်လျက်ရှိရာ ရေစီးရေလာကောင်းမွန်ရေးအတွက် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ဘဲကင်ညှော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ၆ မိုင်ခွဲ လှိုင်မြို့နယ် (၁၁)ရပ်ကွက် ရွှေဟသ်ာလမ်းဘောလုံးကွင်းဘေး မြေကွက်ပေါ်တွင်ဘဲကင်လုပ်ငန်းတစ်ခုမှ ဘဲများကင်နေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ ဘဲကင်ညှော်နံ့ကို နေ့စဉ်ရှူရှိုက်နေရပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ထော်လာဂျီများ ဝင်ထွက်မှု ညှိနှိုင်းဆောင်ရွက်ပြီး

၁၃-၇-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာ ကဏ္ဍတွင် **မအူပင်မြို့ ထော်လာဂျီများဒဏ် တာလမ်းမခံနိုင်** ပေးစာနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် စုပေါင်းညှိနှိုင်းဆောင်ရွက်ပြီးစီးပြီးဖြစ်ပါကြောင်း ပြန်လည် တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် ဒေါက်တာသက်မြင့်ညို ၁၂/တကန(နိုင်) ၀၀၉၉၈၃ နှင့် ကျွန်မ နန်းယိင်းယိင်းဝင်း ၁၃/တကန (နိုင်) ၁၃၄၃၈၁ တို့သည် တောင်ကြီးမြို့၊ မြို့နယ်တရားသူကြီး၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ တရားဝင် လက်မှတ်ရေးထိုး လက်ထပ်ပြီးဖြစ်ပါကြောင်း။

ဒေါက်တာသက်မြင့်ညို-နန်းယိင်းယိင်းဝင်း

အမည်ပြောင်း

ဦးသန်းလှိုင်၏သား အလက-၃ နေပြည်တော် စတုတ္ထတန်း (ခ)မှ မောင်ကောင်းဆုနိုင်အား မောင်ကောင်းဆုဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မွေးနေ့ဆုတောင်းမင်္ဂလာ

ချစ်ဇနီးမနန္ဒာထွန်း၏ ဇူလိုင် ၃၁ရက် (တနင်္ဂနွေနေ့) တွင် ကျရောက်သော (၂၈)နှစ်ပြည့် မွေးနေ့မှသည် နောင်လာမည့် နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းတို့နှင့်အတူ ဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခင်ပွန်း ဒေါက်တာအဲမွန်သောင်း



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရန်ပုံငွေပဒေသာကပွဲ

- ဒါရိုက်တာ အောင်စိုးဦး၏ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များပါဝင်သည့် **မြန်မာ့မြန်မာ့ရုပ်ရှင်** တေးသီချင်း
- **ဇာတ်မင်းသားလေးဖိုးချစ်**နှင့် အေးမြတ်သူ၊ သင်ဇာဝင့်ကျော်၊ ဝါဆိုမိုးဦး၊ သက်သခင်၊ ချမ်းမီမီကို၊ ဂျူးဂျူးကေ၊ ဇေကရီစိုးစံတို့၏ **ဖြူနီပြာဝါနှစ်ပါးခွင်**
- လူမင်း၊ မင်းမော်ကွန်း၊ နေတိုး၊ ထက်ထက်မိုးဦးနှင့် ဖွေးဖွေး ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်သည့် ဒါရိုက်တာမောင်သီ၏ **ဇာတ်ပေါင်းခန်း** ပြဇာတ်
- ဒါရိုက်တာ မျိုးဇော်အောင်၏ **ထာဝရရုပ်ရှင်တေးများ**နှင့် ပြေတီဦး-စိုးပြည့်သဇင်၊ မြင့်မြတ်-မိုးဟေကို၊ နေမျိုးအောင်-ချစ်စနိုးဦး၊ မိုးအောင်ရင်-သဇင်၊ ဟိန်းဝေယံ-သက်မွန်မြင့်၊ ဖြိုးငွေစိုး-ခိုင်နှင်းဝေ၊ အောင်ရဲလင်း-ပုလဲဝင်း၊
- ရန်အောင်၊ ထွန်းအိန္ဒြာဗို၊ စန္ဒီမြင့်လွင်၊ နန်းဆုရတီစိုး၊ ရတနာမိုင်၊ စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ ဖိုးသောကြာ၊ ဝိုင်းစုခိုင်သိန်း၊ မေခလာတို့၏ တေးသံသာများ
- ဒါရိုက်တာမောင်သီ၏ **ရုပ်ရှင်ပဟေဠိ ဟာသတစ်ခန်းရပ်**နှင့် အရိုင်း၊ ကင်းကောင်၊ ဇရာ၊ ကျော်ထူး၊ ဗေလုဝ၊ ခင်လှိုင်၊ ဒိန်းဒေါင်၊ ငှက်ပျောကြော်၊ ဆင်မ
- မြင့်မြင့်ခင်၊ ဒေစီကျော်ဝင်း၊ ခင်သီတာထွန်း၊ မြင့်မြင့်ခိုင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦးတို့၏ အခမ်းအနားတင်ဆက်မှု အစီအစဉ်တို့နှင့် ရုပ်ရှင်သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ကပြကြမည်။
- ၆-၈-၂၀၁၁ ရက်နှင့် ၇-၈-၂၀၁၁ ရက် နှစ်ရက်တည်းသာ အမျိုးသားဇာတ်ရုံ မြို့မကျောင်းလမ်းတွင် ကပြပါမည်။

ဝင်ကြေး - ကျပ် ၃၀၀၀၀၊ ကျပ် ၂၀၀၀၀၊ ကျပ် ၅၀၀၀

- ၁-၈-၂၀၁၁ ရက်မှစ၍- **ဝဇီရာရုပ်ရှင်ရုံ(၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊**
- **မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ အမှတ် (၁၆)၊ ဝဏ်ပါလမ်း၊ ဗဟန်းမြို့နယ်နှင့်**
- **အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်းတို့တွင်-**

နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ လက်မှတ်များရောင်းချပါမည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၅၄၄၂၇၀၊ ၇၂၇၈၃၁၊ ၃၇၃၄၆၈

အမည်ပြောင်း

တောင်ငူတက္ကသိုလ် ဒုတိယနှစ် သချ်ာဌာနမှ မသိမ့်ဖြိုးလင်း ၇/ရတရ(နိုင်)၁၃၇၆၁၁အားမသော်တာအောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မသော်တာအောင်

ကွာရှင်းပြတ်စဲပြီးစီးခြင်း

လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီကွန်ဒို တိုက်(B)၊ အခန်း (၄၀၄)နေ ကျွန်တော် မောင်ဒီမိုးအောင်၁၂/လမန(နိုင်)၁၅၀၂၁၁နှင့် ပါရမီကွန်ဒို တိုက်(B)၊ အခန်း(၁၀၁)နေ မထွန်းအိန္ဒြေလင်း ၁၂/ကခက(နိုင်) ၀၇၁၃၀၅ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၁၈-၇-၂၀၁၁ရက်တွင် လှိုင်မြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

မောင်ဒီမိုးအောင်
၁၂/လမန(နိုင်)၁၅၀၂၁၁

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ မှော်ဘီမြို့နယ်၌ ရှင်းလင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၃၀

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက မှော်ဘီမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးကျော်စိုး၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်မောင်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဒေါက်တာစိုးဝင်းတို့က မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မွေးမြူရေးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင်များအား ကျေးလက်ဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်း ဆောင်ရွက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ကွင်းဆင်းဆောင်ရွက်

ထို့နောက် မွန်းလွဲ ၁ နာရီခွဲတွင် ဥစားကြက်မွေးမြူရေးအစုအဖွဲ့ ဖွဲ့စည်းရန် မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာအုပ်စု သီရိမင်္ဂလာဂျီအီးရွာရှိ ဥစားကြက်မွေးမြူရေးခြံများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် မွေး/ကု)

ဆေးတက္ကသိုလ်ပညာသင်ဆု လျှောက်ထားနိုင်

ရန်ကုန် ဇူလိုင် ၃၀

၂၀၁၁ ခုနှစ် မတ်လတွင်ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်၍ ဆေးတက္ကသိုလ် အသီးသီးသို့ ဝင်ခွင့်လျှောက်ထားပြီးသော ကျောင်းသား ကျောင်းသူများအနက် ဆင်းရဲနွမ်းပါး၍ အမှန်တကယ် ငွေကြေးအခက်အခဲရှိသူများအနေဖြင့် ဦးအေးကျော်-ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစုက ပညာဒါနပြုသော ရာဇာလင်း ဆေးတက္ကသိုလ်ပညာသင်ဆုကို လျှောက်ထားနိုင်သည်။

ဆုချီးမြှင့်မည်

လျှောက်ထားခွင့်ရှိသူများမှာ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မန္တလေး ဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်များတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၌ ပထမနှစ်သင်တန်းစတင် တက်ရောက်ကြမည့်သူများ ဖြစ်ရမည်။ ကျောင်းသား ကျောင်းသူ စုစုပေါင်း ရှစ်ဦးတို့အား ပညာသင်ဆုပေးမည်ဖြစ်ပြီး ရွေးချယ်ခံရသူများသည် ပထမနှစ်မှ ဘွဲ့ရသည်အထိ လစဉ်တစ်လလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းစီဖြင့် ပညာသင်ထောက်ပံ့ကြေး ဆုချီးမြှင့်သွားမည်ဖြစ်သည်။

လျှောက်ထားနိုင်

ပညာသင်ဆု လျှောက်ထားလိုသူများသည် မိမိအမှန်တကယ် ပညာသင်ဆု လိုအပ်ကြောင်း ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြထားသည့် ကိုယ်တိုင်ရေးလျှောက်လွှာ၊ အမှတ်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး၏ ထောက်ခံချက်၊ ဆေးတက္ကသိုလ် ဝင်ခွင့် လျှောက်ထားပြီးကြောင်း အထောက်အထား၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်ရဲစခန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့၏ ထောက်ခံချက်များနှင့် လိုင်စင်ဓာတ်ပုံ နှစ်ပုံတို့နှင့်အတူ အမှတ် ၅၀ ကန်ရိပ်သာ (၃)လမ်း Finger Lake, F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ၂၀၁၁ခုနှစ် အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၈ ရက်က ကလေးခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင်နှင့် ဦးသန်းနိုင် (စက်မှုကျွမ်းကျင်-၂)၊ ခရိုင်ရဲတပ်ဖွဲ့၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီတို့ ပူးပေါင်း၍ ကလေး-ကလေးဝလမ်းတွင် သွားလာမောင်းနှင်နေသော မော်တော်ယာဉ်များကို ရှောင်တခင်စစ်ဆေးကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၆း၃၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၁)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၃)
- ၈း၅၀ Activities in the City [အသည်း၊ ကျောက်ကပ်နှင့် နှလုံးကုသမှုဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲ (Keen Cie Health Care Services)]
- ၉း၀၀ ခုနစ်နှစ်ပြည့် MRTV-4 အစီအစဉ်များ
- ၁၂း၀၀ တော်ဝင်စင်တာ (စတုဒိသာ အလှူတော်မင်္ဂလာ)
- ၁၂း၁၀ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
- ၁၂း၂၅ Activities in the City (HVAC System Works နှင့် ပတ်သက်သော နည်းပညာဟောပြောပွဲ)
- ၁၂း၅၀ **သေနည်း (၄)မျိုး** တရားတော်ဆရာတော် အရှင်ဇဝန (မေတ္တာရှင်)
- ၁း၄၀ ရွှေကျင်မြေတွင် တည်ထားပူဇော် ဆံတော်ရှင် အရှေ့မဟာဗုဒ္ဓဘုရားကြီး (ခေါ်) မွေတော်မွန်ရောဇ် စေတီတော်
- ၂း၀၀ MRTV- 4 သတင်း
- ၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၃)
- ၃း၀၀ ခုနစ်နှစ်ပြည့် MRTV-4 အစီအစဉ်များ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ခုနစ်နှစ်ပြည့် MRTV- 4 ကုသိုလ် အလှူ (ထောက်ကြန့်မိဘမဲ့ကလေး ထိန်းသိမ်းစောင့်ရှောက်မှု ဂေဟာ)
- ၆း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၂)
- ၇း၃၀ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (အောင်ဇေယျာမင်း မိဘမဲ့ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ပုံရိပ်ထင်ထင် အမိတက္ကသိုလ် ရင်ခွင်တေးများ)
- ၈း၅၀ ဟိုတယ်လမ်းညွှန် (Nature Land Hotel)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၄)
- ၁၀း၂၀ FIFA U-20 World Cup Colombia 2011 (Cameroon Vs New Zealand) DELAY
- ၁၂း၀၅ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
- ၁၂း၁၅ Japan Video Topics (Hina-Ningyo Dolls)
- ၁၂း၂၀ FIFA U-20 World Cup Colombia 2011 (Colombia Vs France) DELAY
- ၂း၀၅ ရွှေနန်းဆန်ဆန်ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဌာန်
- ၂း၃၀ FIFA U-20 World Cup Colombia 2011 (Nigeria Vs Guatemala) LIVE
- ၄း၃၀ မြို့အလှဂုဏ်ကြွယ်… ရိုးရာစားဖွယ်
- ၄း၄၀ ရိုးရာအစဉ်အလာ… ယဉ်ကျေးမှု အဖြာဖြာ… ပုဂံမြို့ရဲ့ ယွန်းပြတိုက်မှာ
- ၅း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၆၈) ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၃၀

ဦးအောင်မျိုးမင်း (သုတေသနမှူး/ဌာနခွဲမှူး၊ ဗဟိုဇီဝဆေးပညာ စာကြည့်တိုက်) လူမှုထူးချွန် (တတိယဆင့်) **(အပေါ်ပုံ)** သည် ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) (၄၈)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ် (၂) တပ်မတော်ဆေးရုံ ခုတင် ၅၀၀ တွင် ဇွန် ၆ ရက်က(၆၈)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျောက်မဲခရိုင် ဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

သီပေါ ဇူလိုင် ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်ဥပဒေရုံးနှင့် ကျောက်မဲမြို့နယ် ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၆ရက် နံနက် ၁၀ နာရီက မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးဘေး ရန်ကင်းရပ်ကွက်ရှိ အဆိုပါ အဆောက်အအုံ ရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ရှမ်းပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်ဥပဒေချုပ်တို့က အမှာစကားပြောကြားပြီးနောက် ကျောက်မဲခရိုင် ဥပဒေအရာရှိ ဦးတင့်အောင် က အဆောက်အအုံသစ်ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြကာ ကန်ထရိုက်တာ ဦးဘိုနီ (သီပေါ)က ဆောက်လုပ်မှု စာရွက်စာတမ်းများကို ပြည်နယ်ဥပဒေချုပ်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၇၂)

နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး ကျိုင်းတုံ၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

ကျိုင်းတုံ ဇူလိုင် ၂၈

နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်း လျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ရှင်းလင်းခြင်းနှင့်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၀ရက် နံနက် ၉ နာရီက ကျိုင်းတုံမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ ပြည်နယ်/ခရိုင်/မြို့နယ်များမှ ဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

ညှိနှိုင်းဆောင်ရွက်

အခမ်းအနားတွင် ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိုးက ပြည်ထောင်စုဝန်ကြီး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းထုတ်ပေးရေးဆိုင်ရာမှာကြားချက်များကိုထပ်ဆင့်ရှင်းလင်းပြီး **(အပေါ်ပုံ)** ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများက လုပ်ငန်း ဆောင်ရွက်ထားမှုများကို တင်ပြကြရာ ပြည်နယ်ဦးစီးဌာနမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ဘိုကလေး၌ကျင်းပ

ဘိုကလေး ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ၂၀၁၁ ခုနှစ် မိုးရာသီတစ်ရွာတစ်ဧက သစ်မာစိုက်ပျိုးပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက ဘိုကလေးမြို့နယ် မလော့ကျေးရွာအုပ်စု ကိုင်းတောကျေးရွာ၌ ကျင်းပရာ စိုက်ပျိုးမည့် ယူကလစ်ပျိုးပင်များအား မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးကံထွန်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်ထံ ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် စိုက်ပျိုးမည့် ယူကလစ်ပျိုးပင်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးကံထွန်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက ယူကလစ်ပျိုးပင်ပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

အလားတူပင် မိုးရာသီတစ်ရွာတစ်ဧကသစ်မာစိုက်ခင်းစိုက်ပျိုးပွဲကို ဇူလိုင် ၁၇ ရက်နံနက်၈နာရီက ဘိုကလေးမြို့နယ်မလော့ကျေးရွာအုပ်စု မြစ်တန်းကျေးရွာ၌ ကျင်းပရာ ယူကလစ်ပျိုးပင်ပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(၀၆၅)**

တောင်တောကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်

ညောင်ဦး ဇူလိုင် ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ တောင်တောကျေးရွာအုပ်စု တောင်တောကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက်က အဆိုပါ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ ညောင်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်း၊ ငါ့သရောက်မြို့ အုပ်ချုပ်ရေးမှူး ဦးနိုင်ဦး၊ ညောင်ဦးမြို့နယ်ပညာရေးမှူး ဦးနေဝင်းတို့က အဆိုပါ ကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တောင်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲအတွက် ညောင်ဦး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြက ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းပြီး အခြားအလှူရှင်များက အလှူငွေနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းဝင်းက လက်ခံယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဥစားကြက်မွေးမြူရေးအစုအဖွဲ့ ဖွဲ့စည်းရေး စစ်တွေမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

စစ်တွေ ဇူလိုင် ၃၀

စစ်တွေမြို့နယ် ဘုမေကျေးရွာနှင့် မကျည်းမြိုင်ရပ်ကွက်များသို့ ရခိုင်ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာမောင်မောင်နှင့် စစ်တွေခရိုင်ဦးစီးမှူး ဒေါက်တာကျော်ကျော်တို့ ပါဝင်သောအဖွဲ့ ဇူလိုင် ၂၁ရက်က ကွင်းဆင်း၍ဥစားကြက်မွေးမြူသူများနှင့် တွေ့ဆုံပြီး ဥစားကြက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးဆောင်ရွက်ကြသည်။ ထို့နောက် ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင် ၃၅ ဦးဖြင့် ဥစားကြက်မွေးမြူသူများ အစုအဖွဲ့ ဖွဲ့စည်း၍လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများ၏ ပြန်လည်ဆွေးနွေးချက်များကို ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့က ပြန်လည်ဖြေကြားခဲ့ပြီးနောက် ကြက်ခြံများ၏ ဇီဝလုံခြုံမှုကိုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် မွေး/ကုဦးစီး)

မြို့နယ်သတင်း ထွေထွေ

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်၊ ဓာတ်တော်နှင့် ဆံတော်ရှင် သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ရှေးဟောင်းနှီးယွန်းဘုရား ရွှေသင်္ကန်းကပ်လှူရန်အတွက် ဇူလိုင် ၇ ရက်က ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်ခင်ထားအား ရည်စူး၍ ဒုတိယဗိုလ်မှူးကြီး တင်အောင်(ငြိမ်း) မိသားစုက ငွေကျပ်ခြောက်သိန်းကို ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၀၇)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရွှေသမင်ပန်းခြံရှေ့တွင် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ဇူလိုင် ၂၀ ရက်က ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ပိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၅ ရက်က အမှုဆောင်အရာရှိ ဦးအောင်ထွဋ် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဟိုပင်မြို့နယ် မြို့မတောင်ရပ်ကွက် စပယ်လမ်းရှိ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုကို မြို့နယ်တာဝန်ခံအရာရှိ ဦးစိုးသန်း ဇွန် ၃၀ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရေနံချောင်းမြို့ အထက(၁) ကျောင်းရှေ့နှင့် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်နှင့် အမှိုက်များစုပေါင်းရှင်းလင်းပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှအမှိုက်သိမ်းယာဉ်ဖြင့် သယ်ယူစွန့်ပစ်ခြင်း ဆောင်ရွက်နေမှုကို ဇူလိုင် ၈ရက်က အမှုဆောင်အရာရှိ ဦးသင်းဦး ကွင်းဆင်းကြီးကြပ်စဉ်။(မြို့နယ်စည်ပင်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပန်ကုလားရွာသွားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးကျော်မိုးထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)



ဒီကရီကိုအတည်ပြုစေရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၁၂၉၄
(ရန်ကုန်တိုင်းဒေသကြီးတရားရုံး)နှင့်ဆက်သွယ်သည့်
၂၀၁၁ခုနှစ် တရားမဇာရီမှုအမှတ်-၁၅၂

ဒေါ်ခင်အေး — နှင့် — ဒေါ်စီစီသိန်း
အမှတ်၇၉၊မြေညီထပ်၊ဌာနာလမ်း၊ အလုံမြို့နယ်။ — အမှတ် ၂၄ (ခုနစ်လွှာ)၊ ခြေရင်းခန်း၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်။

ဒီကရီအနိုင်ရသူ — **တရားရှုံး**

ဒေါ်စီစီသိန်း အမှတ် ၂၄(ခုနစ်လွှာ)၊ ခြေရင်းခန်း၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၁၂၉၄တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီအတည်ပြုစေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၁ခုနှစ် ဩဂုတ် ၁၂ရက် နံနက် ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၁ခုနှစ် ဇူလိုင် ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဟုတ်ရီ
ဒုတိယခရိုင်တရားသူကြီး-၃
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ထားဝယ်ခရိုင်တရားရုံး
၂၀၁၁ခုနှစ် တရားမဇာရီမှုအမှတ်-၁၁
(တနင်္သာရီတိုင်းဒေသကြီးတရားရုံး၏ ၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၁၇ နှင့် ဆက်နွှယ်သည်)

၁။ ဦးခင်မောင်အေး — နှင့် — ၁။ ဦးခင်မောင်ဦး
၂။ ဒေါ်စန်းစန်းအေး — ၂။ ဒေါ်ဌေးဌေးမြင့်
၃။ ဒေါ်စန္ဒာ
၄။ ဒေါ်သိင်္ဂီ

တရားနိုင်များ — **တရားရှုံးများ**

အမှတ် ၁၈၆/၁၅၊ ၈၈ လမ်း၊ ၂၄×၂၅ လမ်းကြား၊ ဆိုင်တန်းရပ်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့နေ ဦးခင်မောင်ဦးနှင့် အမှတ် ၁၉၉/င၊ ၄လွှာ၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သိင်္ဂီ သိစေရမည်။

တနင်္သာရီတိုင်းဒေသကြီးတရားရုံး ၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၁၇တွင်ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးခင်မောင်အေး ပါ-၂က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၁ခုနှစ် ဩဂုတ် ၈ရက် (၁၃၇၃ခုနှစ် ဝါခေါင်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၁ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သွယ်သွယ်သိန်း
ခရိုင်တရားသူကြီး၊
ထားဝယ်ခရိုင်တရားရုံး

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက-၂ ပဉ္စမတန်းနှင့် သတ္တမတန်းတွင် ပညာသင်ကြားနေသော မောင်ကျော်ဆန်းနှင့် မောင်ဝင်းစိန်တို့၏ဖခင်မှာ ဦးအိုင်ပီး ဖြစ်ပါသည်။

ဂီတဥယျာဉ်

ကီးဘုတ်တီးနည်း၊
အမှတ်-၆ ထွက်ပြီ။
ဦးတင်အေး (ထားဝယ်)၊
အမှတ်၁၄၉၊ ၃၁လမ်း၊ရန်ကုန်မြို့

စီးပွားရေးလုပ်ငန်းလုပ်သူတိုင်း
မရှိမဖြစ်ဆောင်ထားရမည့်စာအုပ်

လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာ

ရန်အောင်စာပေ စာတည်းအဖွဲ့
Guide to English for Business
by Barbara Campbell
ဖြန့်ချိရေး- ရန်အောင်စာပေ
ဖုန်း-၇၂၂၅၇၂၊၀၉-၅၁၇၉၃၉၈

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၅၅၆၊ မြေကွက်တည်နေရာအမှတ် ၅၅၆၊ နွယ်သာဂီ ၃လမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဒေါ်ရှယ်လီ CE-၀၂၂၈၁၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ရှယ်လီမှ ဂရန်မူရင်းပျောက်ဆုံးသွားပါသဖြင့် ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်များ ဂရန်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

သီလရှင်များသာ

ဓမ္မသုတကုသိုလ်ဖြစ်ဆေးကုသဆေးဝါးအခမဲ့ လှူဒါန်းခြင်းမှ အခြေခံသူနာပြုနှင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်မှု အတတ်ပညာကို အခမဲ့သုံးလသင်တန်း သင်ကြားပေးလိုပါသဖြင့် အလွန်အမင်းဝါသနာပါ၍ စိတ်ဝင်စားသောသီလရှင်များ အသက် ၁၈နှစ်မှ ၃၅နှစ်အတွင်း စာတိုက်သေတ္တာအမှတ် ၁၅၄၁ သို့ လိပ်မူ၍ ပတ်စ်ပို့ဓာတ်ပုံသုံးပုံနှင့်အတူ ၁-၉-၂၀၁၁ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင်အပြည့်အစုံနှင့် ပရိယတ္တိပညာ၊ အတန်းပညာ (ရှိပါက) အင်္ဂလိပ်စာအခြေခံ(ရှိ/မရှိ)ပါ ထည့်သွင်းပေးရပါမည်။ သင်တန်းကာလအတွင်း နေထိုင်စားသောက်ရေးကို စီစဉ်ပေးမည်။ လူဦးရေကန့်သတ်ထားသဖြင့် မခိုင်လုံသောလျှောက်လွှာများကို ရွေးချယ်မည်မဟုတ်ပါ။ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၇၃၁၆၁၀၇၅ သို့ စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ တိုးချဲ့တေးဥယျာဉ် ၁၂ လမ်း၊ မြေကွက်အမှတ် ၂၇၉/က၊ အကျယ်ပေ (၂၀×၆၀) ဦးဂျိုကာအမည်ပေါက် မြေချစလစ်ပြား ပျောက်ဆုံးပါ၍ မိတ္တူမှန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာ တင်ပြ၍ အောက်ဖော်ပြပါထံသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးဝင်းအောင်
၁၂/မရက(နိုင်)၀၄၉၇၂၇
အမှတ် ၂၇၄၊ ၁၁ လမ်း၊
(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ တက္ကသီလာ ၃လမ်း၊ မြေကွက်အမှတ် ၄၆၃ အား အမည်ပေါက် ဒေါ်ညွန့်တင်ထံမှ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ရီဝင်းနွယ်ကပိုင်ဆိုင်သည်ဟု အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအုန်းသန်း (အထက်တန်းရှေ့နေ)
စဉ်-၁၈၂၂၆
B.A(Geog;) ,H.G.P, R.L,D.B.L
အမှတ် ၁၁၃၀၊ ၁၅ လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၃၀၈၅၄၉၈၊ ၀၉-၇၃၁၂၀၃၅၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ ၅ လမ်း၊ တိုက်အမှတ် (၉၄-ဘီ)ရှိ လေးလွှာ(ညာဘက်ခန်း)၊ ၁၂ပေခွဲ×ပေ၅၀ရှိ နေအိမ်တိုက်ခန်းအား လက်ရှိပိုင်ရှင် ဦးစိုးစည်သူ ၁၂/ကမတ(နိုင်)၀၄၄၂၈၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ကန့်ကွက်လိုသူများ အနေဖြင့် သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေစိုးအောင် LL.B.,LL.M
အထက်တန်းရှေ့နေ (စဉ်-၂၈၈၁၁)
အမှတ် ၄၅၊ ဦးလွန်းမောင်လမ်းသွယ်(၄)၊ ၇ မိုင်၊ (၇)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၉၆၁၉၄၊ ၀၉-၇၃၀၈၆၇၈၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ တိုးချဲ့တေးဥယျာဉ် ၁၂ လမ်း၊ မြေကွက်အမှတ် ၂၇၉/ခ၊ အကျယ်ပေ (၂၀×၆၀) ဦးအေးမြင့်အမည်ပေါက် မြေချစလစ်ပြား ပျောက်ဆုံးပါ၍ မိတ္တူမှန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာ တင်ပြ၍ အောက်ဖော်ပြပါထံသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးဝင်းအောင်
၁၂/မရက(နိုင်)၀၄၉၇၂၇
အမှတ် ၂၇၄၊ ၁၁ လမ်း၊
(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့

ရန်ကုန်အနောက်ပိုင်းခရိုင် အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ ကောဒသမအကြိမ် ဓမ္မစကြာဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲကို လှိုင်မြို့နယ်၊ အထက(၁)လှိုင် ဘုရင့်နောင်ခန်းမတွင် ဇူလိုင် ၁၆ ရက်က ကျင်းပရာ ပထမဆုရရှိသော အထက(၂)ဗဟန်း အမျိုးသမီးအသင်းအား မြို့နယ်ပညာရေးမှူး ဦးထန်ရှင်းမုန် ဆုချီးမြှင့်စဉ်။ (၁၂၂)

မြိတ်မြို့နယ် မြို့မဈေးအတွင်း၌ အများပြည်သူစားသုံးရန် မသင့်သည့် သက်တမ်းကုန်၊ သက်တမ်းလွန် ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ မရှိကို ဇူလိုင် ၇ ရက်က ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်အောင်မျိုးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဗန်းမော်ခရိုင်၌ စီမံကိန်းတာဝန်ပေးအပ်

ဗန်းမော် ဇူလိုင် ၂၉

ကချင်ပြည်နယ် ဗန်းမော်ခရိုင်၏ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက်က ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ညွန့်က အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးရုံး (ခရိုင်တာဝန်ခံ) လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းမောင်က စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြဆွေးနွေးသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူးများအား ၂၀၁၁-၂၀၁၂ ခုနှစ်၏ မြို့နယ်အလိုက်စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ခရိုင်စီမံကိန်း)**

ပျဉ်းမနားမြို့နယ်သမဝါယမ အစည်းအဝေးကျင်းပ

ပျဉ်းမနား ဇူလိုင် ၂၉

ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက အသင်းစုရုံးတွင် ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်မြင့်၊ အသင်းစုဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဆွေနှင့်ဦးစီးအရာရှိတို့က အမှာစကားပြောကြားကြပြီး ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာများကို ဖတ်ကြားတင်ပြအတည်ပြုချက် ရယူသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကိုကျင်းပရာ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်မြင့်နှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသားစာရင်းစစ်များကို ရွေးချယ်အတည်ပြုချက်ရယူသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့ဝင်များက ကတိသစ္စာပြုခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၄၀၄)

စီမံကိန်းတာဝန်ပေးအပ်ပွဲ ချောင်းဦး၌ကျင်းပ

ချောင်းဦး ဇူလိုင် ၂၉

မုံရွာခရိုင် ချောင်းဦးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇွန် ၁၅ ရက် နံနက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးစောလင်းက စိုက်ပျိုးရေးလုပ်ငန်း အကြောင်းကိုလည်းကောင်း၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းမန်နေဂျာ ဒေါ်ခင်ထွေးဝင်းက ဝါသီးနှံအကြောင်းကို လည်းကောင်း၊ မြို့နယ်စီမံကိန်းဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမြိုင်က စီမံကိန်းဆိုင်ရာအချက်အလက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက စီမံကိန်းတာဝန်များကို မြို့နယ်စိုက်ပျိုးရေး မန်နေဂျာထံ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အပိုးတန်သစ်မွှေးပင်များ ရှမ်းပြည်နယ်တွင် အောင်မြင်ဖြစ်ထွန်း

နေပြည်တော် ဇူလိုင် ၃၀

သတင်းမှတ်စုနှင့်ဓာတ်ပုံ သတင်းထောက် မောင်မောင်(ကျောက်မဲ)

ယနေ့ကမ္ဘာ့ဈေးကွက်တွင် ရောင်းပန်းလှကာ အကျိုးအမြတ်ဖြစ်ထွန်းလျက် ဈေးကောင်းရနေသော နှစ်ရှည်ပင်မျိုးဝင် အကျော်ပင်(ခ)သစ်မွှေးပင်များကို ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များရှိ ရှမ်းတောင်သူအချို့ စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။

ကျောက်မဲမြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု ခဲမွန်ရွာရှိ ရှမ်းတောင်သူ ဦးစိုင်းအောင်ခင် စိုက်ပျိုးထားသော အကျော်ပင်(ခ)သစ်မွှေးပင် (AGAR- WOOD)များ အောင်မြင်ဖြစ်ထွန်းလျက်ရှိနေကြောင်း ကြားသိရသဖြင့် သတင်းပြည့်စုံစွာ ရေးသားတင်ပြနိုင်ရန် အဆိုပါဒေသသို့ စာရေးသူ ကွင်းဆင်းသွားရောက်ခဲ့သည်။ ဦးစိုင်းအောင်ခင်သည် ၄ဧကပိုင် နဂါးမောက်ပင်များနှင့် ကညွတ်ပင်များစိုက်ပျိုးထားသော သုံးဧကကျော်ရှိ ဥယျာဉ်ခြံမြေထဲတွင် လွန်ခဲ့သည့် ၂၀၀၉ ခုနှစ် ဇွန်လမှစပြီး အကျော်ပင်(ခ)သစ်မွှေးပင် ၂၀၀၀ ကျော်စိုက်ပျိုးခဲ့ရာ ယခုအခါ အပင်များ ရှင်သန်ကြီးထွား ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့ရသည်။

အောင်မြင်ဖြစ်ထွန်းနေသည့် သစ်မွှေးပင်များကို တွေ့ရစဉ်။

စိုက်ပျိုးပုံနည်းစနစ်

ထို့ကြောင့် စိုက်ပျိုးပုံနည်းစနစ်များနှင့်ပတ်သက်ပြီး ဦးစိုင်းအောင်ခင်အား မေးမြန်းခဲ့ရာ ဦးစိုင်းအောင်ခင်က "အကျော်ပင်(ခ) သစ်မွှေးပင်တွေကို အခြားအပင်တွေကြားမှာလည်း စိုက်ပျိုးနိုင်ကြောင်း သိရတဲ့အတွက် ရှင်းသန့်ချမ်းသာကုမ္ပဏီလီမိတက်မှ ခုနစ်လသားအရွယ် ပျိုးပင်တွေကို ဝယ်ယူခဲ့ပြီး ကျွန်တော့်ရဲ့ နဂါးမောက်ဥယျာဉ်ခြံမြေထဲမှာ ပင်ကြား၊ တန်းကြား (၆×၆) ပေ အကွာအဝေးထားပြီး တစ်ဧကအပင်ရေ ၁၂၀၀ နှုန်းနဲ့ နှစ်ဧက စိုက်ပျိုးခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၉ ကော်လံ ၄ ✳

ဧရာဝတီမြစ်ရေ ဟင်္သာတမြို့၌ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၃၀

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၄၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



ကမ္ဘာဂြိုဟ်အနီး ထရိုဂျန်အမည်ရှိ ဂြိုဟ်သိမ်တစ်ခု တွေ့ရှိ။ (စာ - ၄)

ယူ ၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲစတင်၊ ဘရာဇီးနှင့် အီဂျစ်တို့ သရေပွဲဖြစ်။ (စာ - ၁၁)



၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအတွက် ကွင်းသတ်မှတ်။ (စာ - ၁၁)